မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်လာရေး ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ လက်တွဲညီညာစွာ ပူးပေါင်းကြိုးပမ်း ခြံစည်းရိုးကြက်ဆူပင်များကို လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးပြီး ဇီဝဒီဇယ်ဆီထုတ်လုပ်အသုံးပြုရန် အင်တိုက်အားတိုက်စီမံ

နေပြည်တော် အောက်တိုဘာ ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းတွင် မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နန်းယွန်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရှင်ဗွေယန်မြို့မှ နာဂ တိုင်းရင်းသားများအား လက် ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုကြီး တစ်နံတစ်လျားရှိ ဒေသအသီးသီး မျှတစွာ ဘက်စုံ ထောင့်စုံက ဖွံ့ဖြိုးစည်ပင်တိုးတက်လာ စေရေးအတွက် နိုင်ငံတော်အစိုးရ အနေဖြင့် စီမံကိန်းများ စနစ်တကျ ချမှတ် အကောင်အထည်ဖော် ဆောင် ရွက်ပေးလျက်ရှိ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)

ထူးချွန်ထက်မြက်သော ပညာရှင်များ ပေါ်ထွက်ရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နိုင်ရန် ပြည်သူလူထုအများစုအနေဖြင့် ထိုက်တန်သည့်ပညာရည် အဆင့်အတန်း အခြေခံရှိနေရန် လိုပေသည်။ ထို့အပြင် ထူးချွန်သောပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက် ရှိနေရန်လည်း လိုအပ်သည်။ သို့မှသာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို အောင်မြင်အောင် တည်ဆောက်ထူထောင်နိုင်မည်ဖြစ်သည်။ အောင်မြင်ဖြစ်ထွန်းလာသည့် အသီးအပွင့်များကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်က ထူးချွန်သောပညာတတ်လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် နယ်မြေဒေသအလိုက် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိသည်။ အစိုးရနည်းပညာကောလိပ် (မြစ်ကြီးနား)ပင်မဆောင်ကို အောက်တိုဘာလ ၁၇ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပညာတတ် တိုင်းရင်းသား လူ့စွမ်းအားအရင်းအမြစ်များ များများမွေးထုတ်နိုင်အောင်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်အောင် ကြိုးပမ်းစီမံဆောင်ရွက်နေသည်။ ပြည်သူများအားလုံး အေးချမ်းလုံခြုံစွာ သွားလာနေထိုင် အလုပ်လုပ်ကိုင်နိုင်ရေး၊ စီးပွားရေး အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာရေး၊ သက်တမ်းစေ့ ကျန်းမာစွာနေနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးစသည့် လူမှုဘဝ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်အောင် ကြိုးပမ်းဖော်ဆောင်နေခြင်း ဖြစ်သည်။ ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဟူသည့် အဆိုနှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဦးထမ်းပဲ့ထမ်း ဟန်ချက်ညီညီ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံတော်တစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက် ရှိသည်။

နိုင်ငံရေးအရ ဖိအားပေးမှု၊ စီးပွားရေးအရ ပိတ်ဆို့ကန့်သတ်မှု၊ သံတမန်ရေးအရ အထီးကျန်နိုင်ငံဖြစ်အောင် အမျိုးမျိုးသော စွပ်စွဲလုပ်ကြံဖန်တီးမှုစသည့် ပြည်ပနိုင်ငံကြီးအချို့၏ အကျပ်ကိုင်မှုများကို နိုင်ငံတော်အနေဖြင့် ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်နေရသည့်ကြားမှပင် ကိုယ့်ခွန်ကိုယ့်အားကိုအခြေခံပြီး တိုင်းပြည်တိုးတက်စေရန်၊ ပြည်နယ်၊တိုင်းများအသီးသီး ဖွံ့ဖြိုးလာစေရေး လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းသည် တိုင်းပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်၊ ပြည်ထောင်စုကြီးကို မြတ်နိုးတွယ်တာသည့် စိတ်တို့ကို အရင်းခံပြီး ဖိဖိစီးစီးအလုပ်လုပ်နိုင်ကြခြင်းနှင့် ညီညွတ်မှု၊ စည်းလုံးမှု၊ ငြိမ်းချမ်းမှုများရှိကြခြင်းကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ မြစ်ကြီးနား အစိုးရနည်းပညာကောလိပ်အပါအဝင် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ကောလိပ်များသည် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာအောင် ကြိုးပမ်းဆောင်ရွက်ရင်း မိမိတို့ တက္ကသိုလ်၊ ကောလိပ်၏ ဂုဏ်သိက္ခာနှင့်အရည်အသွေးကို ထည်ဝါ တင့်တယ်အောင် မဆုတ်မနစ် ကြိုးပမ်းသယ်ပိုးဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဓမ္မဝိဟာရ လမ်း အမှတ် (၉၆) နေ ဦးမင်း – ဒေါ်ကျင်သန်း သားသမီးမြေး တစ်စုတို့က သုံးထပ် ဘိုးဘွားဆောင်သစ် တည်ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဝဇန်တံတား(မြို့ကွင်း)တည်ဆောက်ရေးလုပ်ငန်းခွင် ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ဟင်္သာတမြို့မှ ဟင်္သာတ–ဆုံကုန်း–မြန်အောင် ကားလမ်း အတိုင်း လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများကိုစစ်ဆေး၍ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်လျက်ရှိသော မြို့ကွင်းတံတား တည်ဆောက်ရေးစီမံကိန်းရုံးသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

စီမံကိန်း ရှင်းလင်းဆောင်၌ ဝန်ကြီးအား တာဝန်ခံအင်ဂျင်နီယာမှူး ဦးကျော်လင်းက မြို့ကွင်းတံတား ဘိုးပိုင်တူးခြင်းလုပ်ငန်းများ၊ ကော်လံတိုင်များနှင့် ကြမ်းခင်းရက်မများ ကွန်ကရစ်သွန်းလောင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ စက်ယာဉ်ယန္တရား အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီးက အင်္ဂပူဘက်ကမ်း ဘိုးပိုင်တူးခြင်းလုပ်ငန်းကို တစ်ပြိုင်တည်း ပြီးစီးရေး ဆက်လက်ဆောင်ရွက်ရန်၊ ငဝန်မြစ်ရေကျသည်နှင့် ပင်မတံတား၏ ရေလယ်တိုင်ဘိုးပိုင်တူးခြင်းကို ဦးစားပေး ဆောင်ရွက်ရန် တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လုပ်ငန်းပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ငဝန်တံတား(မြို့ကွင်း)တံတားမှာ တံတားအပေါ်ထည်သံမဏိသံပေါင်၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ရက်မဖြစ်ပြီး တံတားတိုင်အောက်ထည်မှာ လွန်တူးဘိုးပိုင် အမျိုးအစား ဖြစ်သည်။ တံတားအရှည် ၂၈၃၅ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ယခုအခါ မြို့ကွင်းတံတားမှာ ဟင်္သာတဘက်ကမ်း ချဉ်းကပ်တံတားတိုင် ၁၆ တိုင်ရှိသည့်အနက် ၁၀ တိုင် ပြီးစီး၍ ပင်မတံတားနှင့် အင်္ဂပူဘက်ကမ်း ချဉ်းကပ်တံတားတို့တွင် ဘိုးပိုင်တူးခြင်းလုပ်ငန်းနှင့် ကျန်လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀–၁၀–၂၀၀၆

(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း–၂၆)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"**(အပိုင်း–၁၈)

ကျိုက်ပိကျောင်း မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း မဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်း (၅၇)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကို (တန်ဆောင်မုန်းလဆန်း ၉ရက်) အောက်တိုဘာ ၂၉ ရက်(တနင်္ဂနွေနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဉက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အမှူးပြုသော ဝါဆိုသံဃာတော်များနှင့် ပင့်သံဃာအပါး ၁၆၀ တို့အား ဆွမ်းဘောဇဉ် ကထိန်သင်္ကန်း လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

နှစ်ဖက်သော မိဘများနှင့်ဦးမင်းလွင်အားရည်စူး၍ အမှတ် ၅၉၊ ၉၂ လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့် မြို့နယ်နေ ဒေါ်ကျင်ယုံနှင့် သားသမီးမြေး တစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံ တိုးချဲ့အဆောက် အအုံအတွက် အလှူငွေကျပ် တစ်သိန်းနှစ်သောင်းငါးထောင်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၁၀–၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဆံတော်ရှင် ကျိုက်ထီးရိုး ဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း–၂)
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	Myanmar Video Rhythm
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	(၁၅)နှစ်မြောက် အာဆီယံ–တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ် ဝူရှူးသရုပ်ပြပွဲ (အပိုင်း–၂)
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	စားလို့ကောင်းမည့် ကောက်ရိုးမှိုခြောက်
၉း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	Midweek Sports News
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	လက်တွေ့အသုံးဝင် ခြံစည်းရိုးကြက်ဆူပင် (ဧရာဝတီတိုင်း)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ကိုယ်ခန္ဓာကျန်းမာလှပဖို့ ကိုယ်ကာယကစားစို့ (မယ်မြန်မာ ပြိုင်ရွေးချယ်ခြင်း ချိုနှင့် တွေ့ဆုံခြင်း)
၁၀း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅	ထုထည်ကြီးမား ထင်ရှားဧကန် ဓမ္မရုံ
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	စက်မောင်းဆီ အစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်(စ်)ကို သုံးကြစို့
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	ဆုရအက
၁၁း၃၀	**အိုးထိန်းသည်** [ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ ဦးစောနိုင် (ရှမ်းပြည်)၊ အိဖြူစိုး] (ဒါရိုက်တာခင်ဇော်)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

✡ *ကျောဖုံးမှ*

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၄၅ ဦး ရှိသည့်အနက် ကိုယ်စားလှယ် ၆၃၉ ဦး တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ ၀၇ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့်အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာသည်။

အဖွင့်အမှာစကား

ထို့နောက် အလှည့်ကျ သဘာပတိ ကယားပြည်နယ်မှ ဦးကျော်ဒင် (ခေါ်) ဦးထေးရယ်က အဖွင့် အမှာစကား ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းမှ ဦးမြတ်ကိုနှင့် ရှမ်းပြည်နယ်မှ ဒေါ်နန်းသန်းသန်းစိုးတို့က အမျိုးသားညီလာခံ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအပိုင်း၊ နိုင်ငံသား ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော် အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့် စပ်လျဉ်းပြီး အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောအားဖြင့် ၉၈ဒသမ၉၂ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံ နည်း

ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းကို အမျိုးသားညီလာခံ ကိုယ်စားလှယ် ဆေးတက္ကသိုလ်–၁ (ရန်ကုန်)မှ ဌာနမှူး ဒေါ်ခင်မိမိထွန်းက ဖတ်ကြားတင်ပြသည်။

အတည်ပြု

ယင်းနောက် အလှည့်ကျ သဘာပတိက အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို တက်ရောက်လာကြသူများ၏ ဆန္ဒသဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ ၂၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲအခန်း(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစော အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထား တင်ပြချက် စာတမ်းကို ဖတ်ကြား တင်ပြကြသည်။

ထို့နောက် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းကို သဘာပတိအဖွဲ့က အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီသို့ တင်သွင်းရန် အလှည့်ကျ သဘာပတိက တက်ရောက်လာကြသူများ၏ ဆန္ဒသဘောထားကို ရယူပြီးအတည်ပြုကြောင်းကြေညာသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ မိနစ် ၄၀တွင် ရုပ်သိမ်းလိုက်သည်။

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာဝတီတိုင်းမှ ဦးကြည်တင့်နှင့် ရန်ကုန်တိုင်းမှ ဦးမြအေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ဦး ရှိသည့်အနက် ကိုယ်စားလှယ် ၉၂ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်း

ကျော်က အဖွင့်အမှာစကားပြောကြားသည်။

ကြေညာ

ထို့နောက် သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဦးမြအေးနှင့် ဧရာဝတီတိုင်းမှ ဦးကြည်တင့်တို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့ အတွက်အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလှည့်ကျ သဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းပြော ကြားချက်အပေါ် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို ဖတ်ကြားတင်ပြပြီး အလှည့်ကျသဘာပတိက တက်ရောက်လာကြသူများ၏ ဆန္ဒသဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဦးတင်မောင်ကျော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်း

ပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍သဘာပတိ အဖွဲ့ဝင်များအဖြစ် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်နှင့် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၅၆ဦးရှိသည့် အနက် ကိုယ်စားလှယ် ၅၄ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ၄၃ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြု ခြင်းဆိုင်ရာ လုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့်တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ် စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း

စုစည်းရေးသားကြပါစို့

❖ ပစ္စက္ခတွင်
မြန်မာ့စနစ်၊ အသွင်သစ်ဖို့
ထုဆစ်ပန်းပု၊ ညီအောင်ပြု၍
ဖုထစ်ရှိငြား၊ ညီညာအားဖြင့်
ဆပွားအားခွန်၊ ဖြိုး၍သွန်စဉ်...။

❖ သူ့ကျွန်အဖြစ်
နွံမှာနစ်ဖို့၊ လက်သစ်နယ်ချဲ့
ယိုးမယ်ဖွဲ့၍၊ ကဲ့ရဲ့တင်းဆို
မုသားပိုလျက်၊သပ်လျှိုသွေးခွဲ
စိတ်ဝမ်းကွဲအောင်
အမြဲကြံဆောင်နေကြသည်...။

❖ တစ်ဖက်တွင်မူ
မြင်မတူ၍၊ လူလူပြန်ဟစ်
မျိုးမချစ်သည့်၊ ကျွန်ညစ်လူဆိုး
ပုဆိန်ရိုးတို့၊ အမျိုးကိုဖျက်
အာဏာမက်၍၊ တိုင်းပျက်ပြည်ဆူ
ဘယာပူအောင်
ရန်မူနှောင့်ယှက်နေကြသည်...။

❖ သို့ဖြစ်လင့်သော်
ကိုယ်နှင့်သတိ၊ အမြဲရှိမှ
အသိမကင်း၊ အမြင်လင်း၍
မယွင်းသစ္စာ၊ မကွာစည်းကမ်း
ကိုယ်ရည်မှန်းသည့်၊ ကိုယ့်ပန်းတိုင်မှန်
ကိုယ့်နည်းဟန်ဖြင့်၊ ကိုယ့်ရန်ကိုယ်ရှင်း
ကိုယ့်ပြည်တွင်းအား၊ ကိုယ်ကိုးစားမှ
ကိုယ့်သားမြေးမြစ်၊ ပြောထုံးဖြစ်မည်
စိတ်သစ်ညီလျက်၊ ကိုယ့်ပြည်ကိုယ့်တိုင်း
ကိုယ့်သမိုင်းကို၊ ဝိုင်းဝန်းရေးရှု
နှောင်ညီထုဖြင့်
စုစည်းရေးသားကြပါစို့...။ ။

အမျိုးသားညီလာခံကိုဂုဏ်ပြုလျက်–

ရန်ကြီးအောင်

ခြောက်ထပ်ကြီးဘုရားကြီးတိုက် ကထိန်သင်္ကန်းကပ်လှူပွဲ

ရန်ကုန် အောက်တိုဘာ ၁၉

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၌ ဝါကပ်တော်မူကြသော ဘုရားကြီးတိုက် မဟာနာယက ဆရာတော်များ အမှူးရှိသည့် စာချ၊ စာသင်သံဃာတော်အပါး၃၇၀ကျော်တို့အား ကထိန်သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ၄ရက် (တန်ဆောင်မုန်းလပြည့်နေ့)ညနေ၃ နာရီတွင် ခြောက်ထပ်ကြီးဘုရားကြီးတိုက် သာသနဝိပုလကာရီ မဟာသိမ်တော်ကြီး၌ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကထိန်သင်္ကန်းဆက်ကပ်ရေးတာဝန်ခံများနှင့် အကျိုးဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ရေနံချောင်းမြို့နယ်အသင်း စုပေါင်းဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၉

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၂၈ရက်(စနေနေ့)နံနက် ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းမိုးကုတ် ဝိပဿနာရိပ်သာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရေနံချောင်း မြို့နယ်သူ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(က–ပ)

ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ကားပြပွဲ၌ ပြသထားသည့် ကားများကို အောက်တိုဘာ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တတိယအများဆုံးနိုင်ငံဖြစ်လာ

ပေကျင်း အောက်တိုဘာ ၁၉

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တတိယအများဆုံးနိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၀၅ခုနှစ်က တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇၂ဒသမ၄ဘီလီယံရှိကြောင်း၊ ကုလသမဂ္ဂကုန်သွယ်မှုနှင့်ရင်းနှီး မြှုပ်နှံမှု အစည်းအဝေးအစီရင်ခံစာ၌ ဖော်ပြထားကြောင်း ဘဏ္ဍာရေးဆိုင်ရာကဏ္ဍတွင် အမေရိကန်ဒေါ်လာ၁၂ ဘီလီယံ ထိတိုးမြှင့်ခဲ့သည်။

လွန်ခဲ့သည့်နှစ်အတွင်းက တရုတ်နိုင်ငံ ကုမ္ပဏီများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ပြည်ပပင်လယ်ရေကြောင်းလုပ်ငန်း လုပ်ဆောင်ခဲ့ရာ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ပြည်ပပင်လယ်ရေကြောင်းရင်းနှီးမြှုပ်နှံမှုသည်နှစ်စဉ်ပျမ်းမျှ ၆၅ဒသမ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းအဆိုပါသတင်း၌ ဖော်ပြထားသည်။ ယခုနှစ် ဇွန်လကုန်အထိ ပြည်ပ ပင်လယ်ရေကြောင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၆၃ဒသမ၆၄ ဘီလီယံ ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထိုင်းဝန်ကြီးအဖွဲ့ ၂၀၀၇ ခုနှစ်အတွက်ဘတ်ဂျက် ဒေါ်လာ ၄၁ ဘီလီယံ သဘောတူညီ

ဗန်ကောက် အောက်တိုဘာ ၁၉

ထိုင်းဝန်ကြီးအဖွဲ့က အောက်တိုဘာ ၁၇ရက်တွင် ၂၀၀၇ခုနှစ်အတွက် ဘတ်ဂျက်ကို ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း၊ သို့ရာတွင်လုံလောက်သည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသေးစိတ်ကိုထုတ်ပြန်သေးခြင်းမရှိကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

ပြောကြား

လာမည့်ဘတ်ဂျက်တွင် ထိုင်းဘတ်ငွေ ၁ ဒသမ ၅၂ ထရီလီယံ(အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၆ဘီလီယံ)ရှိမည်ဖြစ်ကြောင်း၊ ထိုင်းအစိုးရက အခွန်အတုတ်ကောက်ခံမှုမှ ဘတ်ငွေ ၁ဒသမ ၄၂ ထရီလီယံ(အမေရိကန် ဒေါ်လာ ၃၇ ဒသမ ၉ဘီလီယံ)ရရှိရန် စီမံကိန်းလုပ်ငန်းများချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစိုးရပြောခွင့်ရ ပုဂ္ဂိုလ် ယောင်ယုမာယာလပ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မလေးရှားနှလုံးရောဂါကု ကျွမ်းကျင်ပညာရှင်အား ကမ္ဘာ့ဆေးဘက်ဆိုင်ရာဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်

ကွာလာလမ်ပူ အောက်တိုဘာ ၁၉

မလေးရှားနိုင်ငံမှ နှလုံးရောဂါကု ကျွမ်းကျင်ပညာရှင် အင်န်အာရမူဂမ်အား ကမ္ဘာ့ဆေးဘက်ဆိုင်ရာ အသင်း(ဒဗလျူအမ်အေ)၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဒေသထုတ် သတင်းစာတစ်စောင်က အောက်တိုဘာ ၁၆ ရက်၌ ဖော်ပြသည်။

တင်မြှောက်

၎င်းသည် မလေးရှားဆေးဘက်ဆိုင်ရာအသင်း၏ ဥက္ကဋ္ဌဟောင်းဖြစ်ပြီး ၎င်းအားတောင်အာဖရိကနိုင်ငံ၌ မကြာမီက ကျင်းပခဲ့သော ဒဗလျူအမ်အေ အထွေထွေညီလာခံ၌ ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရာထူးကို မလေးရှားနိုင်ငံမှ ပထမဆုံးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆရာဝန်များပါဝင်သော အသိုင်းအဝိုင်းက နိုင်ငံသားအားလုံး၏ ကျန်းမာရေးကို ပို၍ကောင်းအောင် လုပ်ကြခြင်းဖြင့် ကျန်းမာသောလူ့ဘောင်တစ်ရပ်ကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း ၎င်းကပြောကြားလိုက်သည်။

တည်ထောင်

ဒဗလျူအမ်အေ နိုင်ငံတကာအဖွဲ့အစည်းကို ၁၉၄၇ ခုနှစ် ရှုပဗေဒပညာရှင်များက ပါရီမြို့၌ တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့တစ်လွှား ထူးထူးခြားခြား

ရက် ၅၀ အစာမစား ဂင်းနက်စ်ဝင်ရန်ကြိုးစား

ရုရှားနိုင်ငံ စိန့်ပီတာစဘတ် မြို့အနောက်ဘက် ၂၄ မိုင်အကွာ စလူဆယ်ဘတ်မြို့၌ အဂတ်ဆီဗာတန်နီးယမ်း အမည်ရှိ အမျိုးသားတစ်ဦးသည် ပလတ်စတစ် နေအိမ်တစ်ခုအတွင်း အစာမစားဘဲ ရက် ၅၀ နေပြီး ဂင်းနက်စ် မှတ်တမ်းဝင်ရန်ကြိုးစားနေသည်ကို အောက်တိုဘာ၁၆ ရက်က နောက်ဆုံးနေ့အဖြစ် တွေ့ရခြင်းဖြစ်သည်။ (ယာပုံ)

၎င်း၏ ယင်းကဲ့သို့ ဂင်းနက်စ် မှတ်တမ်းဝင်ရန်ကြိုးစားမှုမှာ အောင်မြင်ခဲ့သည်။ **(အင်တာနက်)**

ယူရေနီယံ သန့်စင်မှုရပ်ဆိုင်းရန် ကုလ၏တောင်းဆိုချက် အီရန်သမ္မတ အာမက်နီဂျက်ပယ်ချ

တီဟီရန် အောက်တိုဘာ ၁၉

အီရန်နိုင်ငံ၏ ယူရေနီယံ သန့်စင်သည့်လုပ်ငန်းကို ရပ်ဆိုင်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တောင်းဆိုမှုကို ပယ်ချကြောင်း၊ အီရန်နိုင်ငံအနေဖြင့် နျူကလီးယား လုပ်ငန်းစဉ်များကို စိုးရိမ်မှုမရှိဘဲ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

ဆက်လက်လုပ်ဆောင်

အီရန်သမ္မတ မာမွတ်အာမက်နီဂျက်က အောက်တိုဘာ ၁၆ ရက်က ယင်းလုပ်ငန်းစဉ် ဆက်လက်လုပ်ဆောင်ရန် ပြောကြားခဲ့သည်ကို နိုင်ငံပိုင်ရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်သည်။

ထုတ်လွှင့်

အီရန်နိုင်ငံ၏ နျူကလီးယားလုပ်ရှားဆောင်ရွက်မှုများသည် နိုင်ငံတကာစည်းမျဉ်း ဥပဒေဘောင်အတွင်းမှ လုပ်ဆောင်ခြင်းဖြစ်ကြောင်း အာမက်နီဂျက်က ပြောကြားသည်ကို အဆိုပါနိုင်ငံပိုင်ရုပ်မြင်သံကြားက ကိုးကားထုတ်လွှင့်ခဲ့သည်။

ပြောကြား

အီရန်နိုင်ငံ အနေဖြင့်၎င်း၏ နျူကလီးယားအစီအစဉ်ကို ရပ်တန့်ရန် ဖိအားပေး၍ ရနိုင်မည်မဟုတ်ကြောင်း အီရန် သမ္မတက ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

အာရှလေးနိုင်ငံမှ လယ်သမားလေးဦးအား အက်ဖ်အေအိုက ဂုဏ်ပြုဆုချီးမြှင့်

ဗန်ကောက် အောက်တိုဘာ ၁၈

အာရှလေးနိုင်ငံမှ ထူးချွန်သော လယ်သမားများအား ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က အောက်တိုဘာ ၁၇ရက်တွင် ဂုဏ်ပြုဆု ချီးမြှင့်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အက်ဖ်အေအို၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး၌ အဆိုပါ အာရှလေးနိုင်ငံမှ လယ်သမားလေးဦး၏ ထူးချွန်ဆုများကို ပေးအပ်ရာ ထိုင်းမင်းသမီး သီရိဒွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါ လယ်သမားများမှာ ထိုင်းနိုင်ငံမှ ဖလွိုင်ရှဒီး ပီတီဝိုရာဝေါင်၊ တရုတ်နိုင်ငံမှ ဝမ်ဟိုင်ယမ်၊ မြန်မာနိုင်ငံမှ ဦးမိုးဝင်းနှင့် ပါကစ္စတန်နိုင်ငံမှ ရာရှစ်ဟူစိန်တို့ ဖြစ်ကြသည်။

ယင်းတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကုန်ကြမ်းသီးနှံများ ထုတ်လုပ်ရေးနှင့် မျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်ကြသူများဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အဝတ်ညှပ် မီးအိမ်ပုံ

တီထွင်ပညာရှင် ပီတာမာတင် ဆိုသူသည် လန်ဒန်မြို့ တီထွင် ဆန်းသစ်မှုနှင့် နည်းပညာပြပွဲတွင် လက်ရာမြောက် မီးအိမ်တစ်ခုကို အဝတ်ညှပ်များဖြင့် ပြုလုပ်ထားမှုကို ပြသနေခြင်း ဖြစ်သည်။ (ဝဲပုံ)

(အင်တာနက်)

မြို့ပြနှင့်ကျေးလက်စည်ပင်သာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးသည် လမ်း၊ တံတားများ ကောင်းမွန်မှုနှင့်အဆင်ပြေချောမွေ့မှုအပေါ်အခြေခံ ပိုမိုကောင်းမွန်ရေးတာဝန်သိသိ၊ စေတနာရှိရှိဖြင့် ပြုပြင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၅ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ရန်ကုန်–မန္တလေးလမ်းအတိုင်း ထွက်ခွာလာရာ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းနယ်စပ်ရှိ ဝမ်းဘောဒတ်တံတားမှ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ် ကိုကိုနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် နံနက်ပိုင်းတွင် ပဲခူးမြို့သို့ ရောက်ရှိကြသည်။

ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၏ (၅၇)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် အဆိုပါပရိယတ္တိစာသင်တိုက် အတွင်းရှိ ဝိနယသဿဝ ရာပြည့်ဓမ္မာရုံတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တက်ရောက်ကြည်ညို၍ ကထိန်သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ တွဲဖက် ရွှေကျင်သာသနာပိုင် ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ကြခတ်ဝိုင်းဆရာတော်က ဩဝါဒဓမ္မကထာနှင့် ငါးပါးသီလတို့ကို ဟောကြားချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးဗိုလ်ချုပ်ကိုကိုတို့ အမှူးပြုသော ပရိသတ်တို့က နာကြားကြပြီး ငါးပါးသီလခံယူဆောက်တည်ကြသည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

ထို့နောက် ကြခတ်ဝိုင်းဆရာတော်ထံ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကထိန်သင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကြခတ်ဝိုင်းဆရာတော်ထံ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့က ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

သာသနာရေးဆိုင်ရာများလျှောက်ထား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ကြခတ်ဝိုင်းဆရာတော်က ကထိန် အနုမောဒနာတရားနှင့် ရေစက်ချ တရားတို့ကို ဟောကြားချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်၏ ရန်ကုန်–မန္တလေး ပြည်ထောင်စု လမ်းမကြီး၏ ပဲခူး–ညောင်လေးပင်လမ်း မိုင်တိုင်အမှတ် ၅၀/၀မှ ၉၈/၀အထိ ၄၈မိုင်ရှည် လမ်းအပိုင်းကို အဆင့်တိုးမြှင့်ဖောက်လုပ်ခြင်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာမှ တာဝန်ခံ အင်ဂျင်နီယာ ဦးစောဒေးဗစ်သာက လမ်းတိုးချဲ့ ဖောက်လုပ်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ ပွင့်လင်းရာသီတွင် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ၊ လမ်းခင်းပစ္စည်းများ အခြေအနေနှင့် ယာဉ်၊ စက်၊ ယန္တရားကြီးများ လုပ်ငန်းခွင်ဝင်ရောက် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်စွာနှင့် တိုင်းမှူးဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

လုပ်ငန်းဆိုင်ရာများမှာကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းပိုင်း ဆိုင်ရာများကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အိုလံပစ်ကုမ္ပဏီလီမိတက်၏ အဖွဲ့ဝင် ကုမ္ပဏီတစ်ခုဖြစ်သော Hi-Star Co., Ltd.၏ စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမြင့်ကရန်ကုန်–မန္တလေး ခြောက်လမ်းသွား စီမံကိန်း မိုင်တိုင်အမှတ် ၉၈/၀ ညောင်လေးပင်မှမိုင်တိုင်အမှတ် ၁၄၆/၀ ဖေယျာဝတီအထိ ၄၈မိုင်အရှည် လမ်းတွင် နှစ်အလိုက်လမ်းပြုပြင် တည်ဆောက်ပြီးစီးမှုနှင့် တံတားများပြုပြင်ပြီးစီးမှုအခြေအနေ၊ ပွင့်လင်းရာသီတွင် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများ လျာထားချက်၊ မိုးရာသီတွင် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး စီမံကိန်း ဖေယျာဝတီ–ရေတာရှည် မိုင်တိုင် အမှတ် ၁၄၆/၀ မှ ၁၉၄/၀ အထိ ၄၈ မိုင် လမ်းအပိုင်းအား အဆင့်တိုးမြှင့် ဖောက်လုပ်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် Kanbawza Pathfinder Industries Ltd. ၏ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမိုးဆန်းအောင်က တာဝန်စတင်ယူခဲ့သည့် ၂၀၀၁–၂၀၀၂ခုနှစ် ပွင့်လင်းရာသီမှ ၂၀၀၅–၂၀၀၆ ခုနှစ် ပွင့်လင်းရာသီအထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုများ၊ နှစ်အလိုက်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ တံတားများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း၊ လမ်းသားတိုးချဲ့ခြင်းနှင့် မြေသားတမံတိုးချဲ့ခြင်းလုပ်ငန်း၊ မိုးတွင်းကာလ ပြုပြင်ထိန်းသိမ်းမှုနှင့် ဆောင်ရွက်နေမှုလုပ်ငန်းများ၊ လာမည့် ပွင့်လင်းရာသီတွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့ပြ၊ကျေးလက်စည်ပင်သာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့သည် လမ်း၊ တံတားများ ကောင်းမွန်မှုနှင့် အဆင်ပြေချောမွေ့မှု တို့အပေါ်တွင် အခြေခံကျလျက်ရှိကြောင်း၊ မိမိတို့ တာဝန်ယူ ဆောင်ရွက်နေရသည့် ၄၈ မိုင်အရှည်လမ်းအပိုင်းရှိ လမ်း၊ တံတားများအား လက်ရှိအနေအထား အရည်အသွေးတို့ထက်နိမ့်မကျ သွားစေရန်နှင့် ပိုမိုကောင်းမွန်စေရန် တာဝန်သိသိ၊ စေတနာရှိရှိဖြင့် စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုပြုပြင်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်–မန္တလေး ပြည်ထောင်စု လမ်းမကြီး အဆင့်မြှင့်တိုးချဲ့တည်ဆောက်ရေးစီမံကိန်း ရေတာရှည်– ပျဉ်းမနားလမ်းပိုင်း မိုင်တိုင်အမှတ် ၁၉၄/၀ မှ ၂၄၂/၀အထိ ၄၈မိုင်အရှည် လမ်းပိုင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာ ဦးသန်းရှိန်ကရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းလိုအပ်ချက်များနှင့် အခက်အခဲများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။ **(သတင်းစဉ်)**

ဆွမ်းသိမ်းအောင်ပွဲဓမ္မပူဇာ

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံမြောက်အနောက်ရပ်ကွက် အနောက်ဗဟိုလမ်း သံဃာ့ဒါန ဆွမ်းလောင်းအသင်း၏ ဝါတွင်းဆွမ်းလောင်းအောင်ပွဲ အထိမ်းအမှတ် ဓမ္မပူဇာသဘင် ကျင်းပမည်ဖြစ်ရာ တန်ဆောင်မုန်းလဆန်း ၁ရက် အောက်တိုဘာ ၂၁ရက်တွင် အရှင်ကောသလ္လ(ဓမ္မစေတီ) M.A Buddhism၊ တန်ဆောင်မုန်းလဆန်း ၂ရက်တွင် အရှင်အာစာရာလင်္ကာရ (နိုင်ငံတော်ကိုးဘွဲ့ ရဆရာတော်)၊ ၃ ရက်တွင် အရှင်ဇဋိလမဟာဓမ္မကထိက ဗဟုဇနဟိတရှေ့ဉာဏဒီပ (ရန်ကုန်ကျောင်းတိုက်ဆရာတော်)၊ ၄ ရက်တွင် အရှင်ခေမိန္ဒ နယ်လှည့်ဓမ္မကထိက (စစ်ကိုင်းခင်မကန်ကျောင်း)၊ ၅ ရက်တွင်အရှင်စန္ဒာသူရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ (အောင်စကြာဆရာတော်)၊၆ရက်တွင် တွံတေးအရှင်ဣန္ဒက ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော်နှင့် ၇ရက်တွင် အရှင်နရပတိ (ဖြူးဆရာတော် သာသနဓဇ၊ ဓမ္မာစရိယ မဟာဓမ္မ ကထိကဗဟုဇနဟိတဓရ) ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဦး ဘိုး ဝ အား ရည်စူး၍ ရန် ကုန် မြို့ လမ်း မ တော် ဘုန်းကြီးလမ်း အမှတ် (၅၆)နေ ဒေါ်မြင့်မြင့်သန်း မိသားစုက မြေးမြင့်မိုရ်ဝင်းနိုင် သုံးနှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံ မြို့ နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မိုက်တီးလေးများဇာတ်သိမ်းပိုင်းရုံတင် အဆင့်မြင့်ရုံကြီးများတွင် အပြိုင်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် အောက်တိုဘာ ၁၉

မအေးအေးဝင်းစီစဉ်၍ဒါရိုက်တာ မိုက်တီးရိုက်ကူးသည့် **မိုက်တီးလေးများဇာတ်သိမ်းပိုင်း** ဆက်လက် ရုံဝင်လာသည်။ ရန်ကုန်မြို့ သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံများနှင့် မန္တလေးမြို့ ဝင်းလိုက်နှင့် မြို့မရုံများတွင် အပြိုင်ပြသလျက်ရှိသည်။

မိုက်တီးလေးများ ပထမပိုင်းကို အလင်းရောင်၏ဖခင် အသတ်ခံရသည့် အပိုင်း၌ အဆုံးသတ်ထားပြီး ဇာတ်သိမ်းပိုင်းကို ဆက်လက်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ဇာတ်သိမ်းပိုင်းတွင် အလင်းရောင်၏ ပြုပြင်ပြောင်းလဲပေးမှုဖြင့် အသိတရားရလာပြီး မိုက်တီးလေးများ၏ မိုက်ဇာတ်သိမ်းကာ အလင်းရောင်နှင့် ကျောက်ခဲတို့၏ ရင်သွေးလေး ရှင်ပြုအလှူမင်္ဂလာပွဲကို ပျော်ပျော်ကြီးဆင်နွှဲရန် စီစဉ်နေချိန် မမျှော်လင့်သော အဖြစ်ဆိုးနှင့် ကြုံရပြီး ရင်နင့်ဖွယ်ဇာတ်သိမ်းထားသည်။

မိုက်တီးလေးများ ဇာတ်သိမ်းပိုင်းမှ မင်းမော်ကွန်း၏ ဇာတ်ဝင်ခန်းများ။

ရွှေ့ဆောင်ရုံတွင် **မိုက်တီးလေးများ ပထမပိုင်း** ဆက်လက် ပြသလျက်ရှိသည်။ နေပြည်တော်ရုံတွင် Pirates of the Caribbean ၊ ရွှေဂုန်ရုံအပေါ်ထပ်၌ Young Guns အက်ရှင်ကားများ ကြည့်ကြရမည်ဖြစ်သည်။

ရွှေဂုန်ရုံမြေညီထပ်တွင်အကယ်ဒမီရှစ်ဆုရ Kuch Kuch Hota hai ရုံဝင်လာသည်။ ရှာရွတ်ခန်၊ ကာဂျိုးလ်၊ ရာနီမူကာဂျီတို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို လွမ်းမောဖွယ် ရိုက်ကူးထားသည်။ မြို့မရုံတွင် ဆာလ်မန်ဆန်း၊ ဆူနီးလ်ရှက်သီး၊ ဂျက်ကီရှရော့၊ အွန်းပူရီ၊ ကာရီနားကာပူးတို့ ခေါင်းဆောင်ပါဝင်ထားသော Koyn Ki ဇာတ်ကားသစ် ရုံဝင်လာသည်။ ဆုထူးပန်ရုံတွင် တမ်းတလွမ်းရသော နေ့ရက်များ အမည်ရ Yaadein အိန္ဒိယဇာတ်ကား ပြသလျက်ရှိသည်။ ယင်းဇာတ်ကားတွင် ဂျက်ကီရှရော့၊ ရိုရှမ်း၊ ကာရီနားကာပူးတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ဘုရင်ရုံတွင် အိန္ဒိယနာမည်ကြီး မင်းသား ရှာရွတ်ခန် ခေါင်းဆောင် ပါဝင်ထားသော Kal Ho˚Naa Ho မရေရာသော မနက်ဖြန် ဇာတ်ကား ရုံဝင်လာသည်။

အနီရောင်မျက်စောင်း

ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသည့် **အနီရောင်မျက်စောင်း** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကား နဝဒေးရုံတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဒွေး၊ သားညီ၊ ဇင်ဝိုင်း၊ တင့်တင့်ထွန်း၊ ရတနာပုံတို့ ခေါင်းဆောင်ပါဝင်ထားသည်။ လှုပ်ရှားမှုအသားပေးဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ဒေသနေပြည်သူများအနေဖြင့် ရေလုပ်ငန်း၌သာ နစ်မျောမနေကြဘဲ စပါးသီးနှံစိုက်ပျိုးမှုကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင် ပြည်ထောင်စုလမ်းမကြီးနှင့် မြို့တွင်းလမ်းများ အမြဲကောင်းမွန်အောင်ထိန်းသိမ်း

နေပြည်တော် အောက်တိုဘာ ၁၉

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့မှ ဘုတ်ပြင်း-တနင်္သာရီ-မြိတ်ကားလမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာကြရာ နံနက် ၈ နာရီ ၂၅ မိနစ်တွင် ပြည်ကြီးမဏ္ဍိုင်မြို့သို့ရောက်ရှိကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသဝမ်းစာဖူလုံရေးနှင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်မှု၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဒေသရှိ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးပြီး မှာကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားနေသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်းလုံး၌ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးနည်းရပ်ဝန်း၌ပင် ဆည်ရေ၊ မြစ်ရေတင်လုပ်ငန်းတို့ဖြင့် စပါးကို ဒေသဝမ်းစာ ဖူလုံအောင် စိုက်ပျိုးလျက်ရှိကြောင်း၊ ပြည်ကြီးမဏ္ဍိုင်မြို့အနေဖြင့် စိုက်ပျိုးရေ အတွက်လည်းကောင်း၊ စိုက်ပျိုးမြေ အတွက်လည်းကောင်း အခက်အခဲမရှိသည့်အတွက် မိမိတို့ဒေသဆန်ဖူလုံမှုကို အထောက် အကူပြုနိုင်အောင် ဆောင်ရွက် လုပ်ကိုင်နိုင်ကြောင်း၊ လယ်မြေထပ်မံ တိုးချဲ့မရနိုင်သော တောင်ကုန်းတောင်စောင်းများ၌ တောင်ယာ၊ ကုန်းမြင့် လယ်ယာတို့ ဖော်ထုတ်လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

အသိပညာပေး

ဤဒေသအနေဖြင့် ဆက်လက်တိုးတက်လာမည့် လူဦးရေတို့အတွက်ပါ ဖူလုံအောင် ဆက်လက်တိုးချဲ့စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း၊ ဒေသနေပြည်သူများအနေဖြင့် ရေလုပ်ငန်း၌သာ နစ်မျောမနေကြဘဲ စပါးသီးနှံစိုက်ပျိုးမှုကို အဓိကစီးပွားရေး၊ ရေရှည်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သွားကြအောင် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများက အသိပညာပေး ဆွေးနွေးလမ်းပြ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အတူ ခြံစည်းရိုးကြက်ဆူပင်များကိုလည်း မိမိဒေသအတွက် ဘိုင်အိုဒီဇယ်ရရှိစေရန်အတွက် စိုက်ပျိုးကြရန်လိုကြောင်း၊ ရေရှည်အကျိုးကိုမျှော်မှန်း၍ စီးပွားဖြစ်လုပ်ကိုင်ကြမည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား မြေနေရာနှင့် လိုအပ်သော ကူညီပံ့ပိုးမှုများပေးပြီး စိုက်ပျိုးလုပ်ကိုင်လာကြစေရန် စီစဉ်ဆောင်ရွက်ကြရန်လိုကြောင်း၊ အိမ်တိုင်း၊ ရုံးတိုင်းတို့၌ ခြံစည်းရိုးများကို မဖြစ်မနေစိုက်ပျိုးကြရန်လိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုကို အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံသားတိုင်းက ခံယူလိုက်နာ စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း။

ပညာရည်မြင့်မားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးလုပ်ငန်းများကိုလည်း တာဝန်ရှိသူများက အလေးထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ကြိုးစားဆောင်ရွက်

မြို့ကို မြို့အင်္ဂါရပ်များနှင့် ပြည့်စုံအောင် နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် ဆက်လက်၍ စည်ကားသိုက်မြိုက်လာရေးကို ဆက်လက်ကြိုးစားဆောင်ရွက်ကြရန်ဖြစ်သည့်အပြင် ပြည်ထောင်စုလမ်းမကြီးနှင့် မြို့တွင်းလမ်းများကို အမြဲကောင်းမွန်နေအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံ (၁၆ ခုတင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသောပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက် အားပေးစကားပြောကြားပြီး ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်း-တနင်္သာရီ လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြကာ လမ်းတစ်လျှောက် လမ်းနှင့်တံတားများ အခြေအနေ၊ လမ်းဘေး ဝဲ/ယာရှိ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဘုတ်ပြင်း-တနင်္သာရီ လမ်း မိုင်တိုင်အမှတ် (၈၇/၀)သို့ ရောက်ရှိကြရာ ဘုတ်ပြင်း-တနင်္သာရီ လမ်းစီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး (စီမံကိန်း) ဦးဘဝမ်းက ဘုတ်ပြင်း-တနင်္သာရီလမ်း (၁၄၇)မိုင်ကို အပိုင်းအလိုက် တာဝန်ခွဲဝေ ဆောင်ရွက်နေမှု အခြေအနေများနှင့် လမ်းတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာမှူးများက သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မြိတ်-ကော့သောင်းသွားခရီးသည်တင်ကားများ ရာသီမရွေး သွားလာနိုင်အောင် တနင်္သာရီ-ဘုတ်ပြင်း လမ်းတည်ဆောက်မှုများကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် ယခုနှစ်အတွင်း မြိတ်မြို့မှ ဘုတ်ပြင်းမြို့အထိ ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် တနင်္သာရီမြို့နယ်ရှိ ကမ္ဘောဇစိုက်ပျိုးရေး စက်မှုလုပ်ငန်းများ လီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

လက်တွဲပူးပေါင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စပါးစိုက်ဧက တိုးတက်လာရန် ကားလမ်းဘေးရှိ မြေလွတ်နေရာများ၌ စပါးစိုက်ပျိုးကြရန်၊ ရေကျနောက်စိုက် စိုက်ပျိုးနိုင်သော နေရာများ၌စပါးစိုက်ပျိုးနိုင်သူများ အား နေရာချထားကာ စိုက်ပျိုးစေရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးရေး၊ ဒေသခံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဌာနဆိုင်ရာ ဝန်ထမ်းများက ဒေသခံပြည်သူများနှင့် လက်တွဲ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

စိုက်ပျိုး

ယင်းနောက် ကမ္ဘောဇစိုက်ပျိုးရေး စက်မှုလုပ်ငန်းများလီမိတက် စီမံကိန်း ဒါရိုက်တာဦးသန်းဖေက ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကိုရှင်းလင်းတင်ပြပြီးဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆီအုန်းခြံ၌ ခြံစည်းရိုးကြက်ဆူပင်များကို ခြံစည်းရိုးအနေဖြင့်လည်းကောင်း၊ စီးပွားဖြစ်အနေဖြင့်လည်းကောင်း စိုက်ပျိုးသွားရန် မှာကြားသည်။

လိုအပ်ချက်များမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်း-တနင်္သာရီ-မြိတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး တည်ဆောက်ဆဲဖြစ်သော တနင်္သာရီ မြို့နယ်ခန်းမကို ကြည့်ရှုစစ်ဆေး၍ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

ငါးထပ်ကြီးအရှင်ဇနိန္ဒာလင်္ကာရ တရားတော်ဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၉

ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဝဲပုံစာသင်တိုက်စကြာနန္ဒကျောင်းမှ မဟာစည်နယ်လှည့် ဓမ္မကထိက အရှင်ဇနိန္ဒာလင်္ကာရ (သာမဏေကျော်+ဝိနယဝိဒူ+ဓမ္မာစရိယ) အရှင်သူမြတ်သည် စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက်၌ ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်(တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေး မငြိမ်မသက်ဖြစ်အောင် လုပ်ဆောင် မိုးဟင်/မိုးဟပြည်သူ့စစ်အဖွဲ့ လက်ခံခြင်းမရှိ၊ ကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံ အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မိုးဟင်/မိုးဟပြည်သူ့စစ်အဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မိုးဟင်/မိုးဟပြည်သူ့စစ်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်(၁/၂၀၀၆)

ရက်စွဲ။ ၇-၁၀-၂၀၀၆

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝ၍ အေးချမ်းသာယာမှုကို ဝင်ရောက်စွက်ဖက်ဖျက်ဆီးနိုင်ရန်အတွက် ပြည်တွင်းပြည်ပ အဖျက်သမားများ၊ ပြည်ပအားကိုး ပုဆိန်ရိုးများအား အသုံးချ၍ အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါသည်။ ယခုတစ်ဖန် အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအခြေအနေခေါင်းစဉ်ဖြင့် ဆွေးနွေးရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ပြုလုပ်ခြင်းသည် အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ အရေးကိစ္စကို ဝင်ရောက်စွက်ဖက်နေခြင်းမှာ တည်ငြိမ်အေးချမ်းနေပြီဖြစ်သော မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသည့် အခြေအနေကောင်းများကို အဟန့်အတားဖြစ်စေခြင်း၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေခြင်းနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ရောက်ရှိရန် ဆောင်ရွက်မှုမှန်သမျှကို ဖျက်လိုဖျက်ဆီးဆောင်ရွက်နေသည်ဟု ယူဆပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် ပြည်သူလူထု လိုလားတောင့်တသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်နိုင်ရန်အတွက် လိုအပ်သော အခြေခံကောင်းများဖြစ်သည့် ဥပဒေစိုးမိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အသိပညာ၊ ဗဟုသုတပြည့်ဝစေရန်တို့ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသဖြင့် တိုးတက်မှုအများအပြားရရှိနေပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်သော အခြေခံကောင်းများကို ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံ၏ပြည်တွင်းရေး အခြေအနေသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို မည်သို့မျှ ထိခိုက်လာစရာ အကြောင်းမရှိပါ။

ထို့ကြောင့် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မငြိမ်မသက်ဖြစ်စေခြင်း၊ ပြည်တွင်းရှိ ပြည်သူလူထု၏ စားဝတ်နေရေးကျပ်တည်းအောင် လုပ်ဆောင်ခြင်းတို့သည် ကုလသမဂ္ဂ၏ အခြေခံမူများ၊ ပဋိညာဉ်များ၊ ကြေညာချက်များနှင့် ကိုက်ညီမှုမရှိသည်ကိုတွေ့ရှိ၍ အမေရိကန်၏လုပ်ဆောင်ချက်များကို မိုးဟင်/မိုးဟပြည်သူ့စစ်အဖွဲ့အနေဖြင့် လက်ခံနိုင်ခြင်းမရှိကြောင်းနှင့် ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာပါသည်။

ဦးလောမား
ဥက္ကဋ္ဌ
မိုးဟပြည်သူ့စစ်အဖွဲ့။

၁၃၆၈ ခုနှစ် သက်ကြီး စာပေ ပညာ ရှင် များ ပူဇော်ကန်တော့ပွဲ အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်း ကော်မတီဝင် ဦးကျော်ညွန့်ရည် (ကျော်ညွန့်ရည်) နှင့် ဇနီး ဒေါ်ဝါဝါ

ကျော်တို့က ကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)နှင့် တာဝန်ရှိသူများက လက်ခံယူကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဆေးဝါးကုသမှုခံယူနေသော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးယောအေးလှအား ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးစီမံခန့် ခွဲမှုကော်မတီဥက္ကဋ္ဌ ဆေးဝါးကုသမှုခံယူနေကြသော ညီလာခံကိုယ်စားလှယ်များအား ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၉

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီဝင်များလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြား၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။

ပေးအပ်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် နံနက်ဂနာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ သွားရောက်ကြပြီး ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးသောင်းထွန်း၏ ကျန်းမာရေးအခြေအနေများကို တွေ့ဆုံမေးမြန်း အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။

ပံ့ပိုးဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ ရောက်ရှိကြပြီး ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသား ညီလာခံကိုယ်စားလှယ် ဦးယောအေးလှနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးစိုင်းအုန်းမြင့်တို့၏ ကျန်းမာရေးအခြေအနေများကို တွေ့ဆုံမေးမြန်း အားပေးစကားပြောကြားကြပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ကျန်းမာရေး ထောက်ပံ့ငွေများကို ပေးအပ်၍ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ဝေဿန္တရာဇာတ်တော်ကြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၁၉

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တိုဘာ၂၀ရက်**(ယနေ့)**တွင် မကွေးတိုင်းမှ ဦးကျော်စိုးမင်းဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ခံ့ထည်မှု၊ သိမ်မွေ့မှုနှင့် နက်နဲကျယ်ပြန့်မှုတို့ဖြင့် ပြည့်စုံနေသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ဖွင့်ဟသံများ

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၁၉

ခိုင်ခိုင်မာမာတည်တံ့ထွန်းကားခဲ့သော မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာသည် ခံ့ထည်မှု၊ သိမ်မွေ့မှုနှင့် နက်နဲမှုတို့အပြင် အဆင့်အတန်းမြင့်မားမှုတို့ဖြင့်လည်း ပြည့်စုံလျက်ရှိသည်။

သမိုင်းအစဉ်အလာ ကောင်းခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ခေတ်အဆက်ဆက် တိုးတက်ဖြစ်ထွန်းနေစေရေးအတွက် နိုင်ငံတော်က ကြိုးစားဆောင်ရွက်လျက်ရှိရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအထိ ခရီးရောက်ခဲ့ပြီး အနုပညာမျိုးဆက်သစ်ပေါင်းများစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် (၁၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပနေသည်မှာ အောက်တိုဘာ ၁၅ရက်မှ စတင်ကာ ယခုအခါ ငါးရက်မြောက်ရှိ ခဲ့ပြီဖြစ်ရာ ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲနေသော ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်ဒိုင်လူကြီးများအား မြန်မာ့အလင်း

ပြိုင်ပွဲကြီးကို မျက်မြင်ကိုယ်တွေ့ ကြည့်ရှုခွင့်ရတော့ အလွန်ဝမ်းသာရပါတယ်။ ဒေါ်အုံးရင် (အကပြိုင်ပွဲကြည့်ရှုအားပေးသူ) ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သတင်းအဖွဲ့ ကွင်းဆင်း တွေ့ဆုံမေးမြန်းခဲ့သည်။

ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ

ပထမဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ ကျင်းပရာ စိုက်ပျိုးရေး တက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)၌ ဆိုင်းအကဲဖြတ်ဒိုင် လူကြီးတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေသော ဆိုင်းဆရာကြီး ဦးစိန်စတင်းအား ပြိုင်ပွဲဝင်များအား အကဲဖြတ် အမှတ်ပေးမှုအပေါ် မေးမြန်းရာ "ပြိုင်ပွဲဝင်တွေဟာ စည်းဝါးကောင်းခြင်း၊ လက်ကျကောင်းခြင်း၊ တီးသည့်အခါ သာယာနာပျော်ဖွယ်ဖြစ်စေခြင်း၊ လက်စွမ်းပြနိုင်ခြင်းစတဲ့ အချက်တွေအပေါ်မှာ အခြေခံပြီး အမှတ်ပေးတယ်။ အားလုံးစံမီရင်တော့ အမှတ်အများဆုံး ရမှာဖြစ်ပါတယ်"ဟု ဦးစိန်စတင်းက ပြောကြားသည်။ ဦးစိန်စတင်းမှာ အကဲဖြတ်ဒိုင်အဖြစ် (၁၃)ကြိမ် ပါဝင်ဆောင်ရွက်ခဲ့ပြီးသူဖြစ်သည့်အပြင် နိုင်ငံကျော်ဆိုင်း ဆရာကြီးတစ်ဦးလည်းဖြစ်သည်။

ထို့နောက် ဆိုင်းတစ်ဦးချင်းအခြေခံ (၅-၁၀)နှစ် အမျိုးသားပြိုင်ပွဲဝင်မည့် အသက်ကိုးနှစ်အရွယ် မောင်ဇော်မင်းမောင်အား တွေ့ဆုံမေးမြန်းရာ"စစ်ကိုင်းတိုင်းကိုယ်စားပြု ပါဝင် ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ဒီနှစ်နဲ့ဆိုရင် နှစ်နှစ်ရှိပြီ။ မနှစ်က ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲမှာ ငွေတံဆိပ်ရခဲ့တော့ ဒီနှစ် ပထမဆုရအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။နေ့တိုင်း လေ့ကျင့်ခဲ့တော့ ရွှေတံဆိပ် လိုချင်တယ်"ဟု ပြောကြားသွားသည်။ ငယ်ရွယ်နုပျိုသူတစ်ဦးဖြစ်သဖြင့် အားမာန်အပြည့် ပြိုင်ပွဲဝင်မည့်ဟန်ပန်ရှိနေသည်။

အဆိုပြိုင်ပွဲဝင်တစ်ဦးအနေဖြင့် အသံ အဆွဲ အငင် ပိုင်နိုင်ပြီး ကောင်းမွန်ရမယ်၊ တေးသီချင်းစာသား အလိုက် နားဆင်သူကို ခံစားမှု ဖြစ်ပေါ်စေရမယ်။

ဒေါ်တင်တင်မြ အဆိုအကဲဖြတ် ဒိုင်ဥက္ကဋ္ဌ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ပေါ့ပါးသွက်လက်

တစ်ဖန် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(စာသင်ခန်းမ)သို့ မြန်မာ့အလင်းအဖွဲ့ ရောက်ရှိကာ အဆိုအကဲဖြတ်ဒိုင်ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်နေသော ဒေါ်တင်တင်မြနှင့် တွေ့ဆုံမေးမြန်းရာ "အဆိုပြိုင်ပွဲဝင် တစ်ဦးအနေဖြင့် အသံအဆွဲအငင်ပိုင်နိုင်ရမယ်၊ ပင်ကိုအသံ ကောင်းမွန်ရမယ်၊ တေးသီချင်းစာသားအလိုက် နားဆင်သူကို ခံစားမှုဖြစ်ပေါ်စေရမယ်စတဲ့ အချက်တွေနဲ့ ပြည့်စုံရမယ်။ ဒီအခြေခံမှုတွေ အပေါ်မှာ အကဲဖြတ်အမှတ်ပေးတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။ နိုင်ငံကျော်အဆိုတော် ဒေါ်တင်တင်မြသည် အဆိုအကဲဖြတ်ဥက္ကဋ္ဌအဖြစ် တက်တက်ကြွကြွ ဆောင်ရွက်နေသလို အစီအစဉ်အခမ်းအနားမှူးအဖြစ်လည်း ပေါ့ပါးသွက်လက်စွာ ဆောင်ရွက်လျက်ရှိသည်။

မျှော်လင့်ပါတယ်

ထို့နောက် ကာလပေါ်(ဝါသနာရှင်)ပထမတန်း(မ)အဆို ပြိုင်ပွဲဝင်ပြီးစင်မြင့်ပေါ်မှ ဆင်းလာသော မွန်ပြည်နယ်မှ ဒေါ်ရွှေစင်လှိုင်အား ပြိုင်ပွဲဝင်ရမှု အနေအထားကို မေးမြန်းရာ"စိတ်တိုင်းကျ သီဆိုခဲ့တာဆိုတော့ ကျေနပ်ပါတယ်။ ဆုရမယ်လို့လဲ မျှော်လင့်ပါတယ်။ ရက်ရှည်လေ့ကျင့် ခဲ့ရတာဆိုတော့ ရွှေတံဆိပ်လဲလိုချင်တယ်။ ဒါပေမယ့် မှန်းလဲမမှန်းရဲပါဘူး"ဟု စိတ်တထင့်ထင့်ဟန်ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

အပြိုင်ကြိုးစား

တစ်ဖန် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပလျက်ရှိသော ဝါသနာရှင်(ပထမတန်း) အမျိုးသားတစ်ဦးချင်းအကပြိုင်ပွဲဝင်မည့် ပဲခူးတိုင်းကိုယ်စားပြု မောင်ချစ်စိုးလင်းအား တွေ့ဆုံမေးမြန်းရာ "နိုင်ငံတော်အဆင့်ပြိုင်ပွဲမှာ ဒီအကြိမ်နဲ့ဆိုရင် ကိုးကြိမ်ရှိပါပြီ။ ငွေတံဆိပ်နဲ့ အခြားတံဆိပ်တွေ ရခဲ့ဖူးပါတယ်။ ရွှေတံဆိပ်ရအောင် အပြိုင်ကြိုးစားနေကြသူတွေ ချည်းပဲဆိုတော့ တကယ့်အကြိတ်အနယ် ယှဉ်ပြိုင်ရမှာပါ။ ပထမဆုရအောင်တော့ အစွမ်းကုန်ကြိုးစားသွားမယ်၊ ရမယ်လို့လဲ စိတ်ထဲမျှော်လင့်ထားပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

အကပြိုင်ပွဲကျင်းပနေသည့် ခန်းမကြီးတစ်ခုလုံး ပရိသတ်များဖြင့် ပြည့်လျှံနေလျက်ရှိရာ ခန်းမအပြင်ဘက်တွင်လည်း ရပ်ကြည့်နေသူများဖြင့် စည်ကားလျက်ရှိနေသည်။ အကပြိုင်ပွဲသို့ လာရောက်အားပေးသူ တစ်ဦးဖြစ်သည့် ပေါက်ကုန်းရွာမှ အသက် ၆၀အရွယ် ဒေါ်အုံးရင်အား လာရောက်အားပေးကြည့်ရှုရမှုအပေါ် မေးမြန်းရာ ဒေါ်အုံးရင်က "နိုင်ငံတော် အဆင့်ပြိုင်ပွဲကို တစ်ခါမှ မကြည့်ခဲ့ဖူးဘူး၊ ဒီမှာလာပြီး ပြိုင်ပွဲကျင်းပတာဆိုတော့ အရမ်းအံ့သြဝမ်းသာနေတာ။ ဒီမှာ ပြင်ဆင်ထားလိုက်တာလဲ အရမ်းခမ်းနားတာပဲ။ ဒီနေ့မှ လာကြည့်ဖြစ်တာဆိုပေမယ့် ရွာကလူတွေ နေ့တိုင်းလာကြည့်ကြတယ်။ ပြိုင်ပွဲကြီးကို မျက်မြင်ကိုယ်တွေ့ ကြည့်ရှုခွင့်ရတော့ အလွန်ဝမ်းသာရပါတယ်" ဟု မြန်မာ့အလင်းသို့ ဝမ်းသာအားရ ပြောကြားသွားသည်။

အားရကြည်နူးဖွယ်

အောက်တိုဘာ ၁၅ရက်မှ စတင်ယှဉ်ပြိုင်သော မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပနေသည်မှာ ငါးရက်မြောက် ရှိခဲ့ပြီဖြစ်ရာ ပြိုင်ပွဲဝင်များကလည်း အကြိတ်အနယ် ပါဝင် ယှဉ်ပြိုင်နေကြသလို ဒေသခံပရိသတ်များကလည်း တဖွဲဖွဲလာရောက်အားပေးနေကြသည့် မြင်ကွင်းကား အားရဖွယ်ရာ၊ ကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခုပင် ဖြစ်ပါကြောင်း ကွင်းဆင်းတွေ့ဆုံမေးမြန်း ရေးသားတင်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

ဝါသနာရှင် ပထမတန်းအမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဦးအောင်သက်ထွဏ်း ဤသို့ယှဉ်ပြိုင်ခဲ့သည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

20-10 (07) 1 10/20/06, 3:05 AM

ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် လိုက်လျောညီထွေရှိရန် ထက်မြက်သော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် အစဉ်အမြဲအားထုတ်

အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တနိုင်းမြို့ ဟူးကောင်းခန်းမ၌ ဌာနဆိုင်ရာများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

✡ ***ရှေ့ဖုံးမှ***

ရှေးဦးစွာ ကျောင်းအုပ် ဒေါက်တာနှင်းမင်းဦးက မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ်မှ သင်ကြားပေးသော ဘာသာရပ်များ၊ ပေးအပ်မည့်ဘွဲ့များ၊ ဆရာ ဆရာမအင်အားနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က ကွန်ပျူတာကောလိပ်နှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ အင်တာနက်အသုံးပြုမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သီလဝံသနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်၏ ရော်ဘာစိုက်ခင်း၊ ခရမ်းချဉ်သီး? ကြက်ဆူစိုက်ခင်း၊ ငရုတ်ကောင်း၊ ထောပတ်၊ တည်င်းနှင့် သရက်ပျိုးဥယျာဉ်ကိုလည်းကောင်း၊ ရော်ဘာပျိုးဥယျာဉ်ကိုလည်းကောင်း ကြည့်ရှု စစ်ဆေးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပန်ဆောင်မြို့ရောက်ရှိ

ထို့နောက် ရဟတ်ယာဉ်များဖြင့် မြစ်ကြီးနားမြို့မှ စစ်ကိုင်းတိုင်း နန်းယွန်းမြို့နယ် ပန်ဆောင်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဝန်ကြီးချုပ်သည် ကြိုဆိုနှုတ်ဆက်ကြသူများအား နှုတ်ဆက်အားပေး၍ မြို့အနေအထားနှင့် နောင်ရမ်းအင်းအခြေအနေတို့ကို ကြည့်ရှုသည်။

ဆက်လက်၍ ပန်ဆောင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုမှတစ်ဆင့် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းနှင့် ဓာတ်မာန်သီချင်းတို့ကို သံပြိုင်သီဆို၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် e-Education Learning Centre ကိုလည်းကောင်း၊ ကျောင်းဆောင်များနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပန်ဆောင်မြို့ ကိုယ့်အားကိုယ်ကိုးဈေးကို ကြည့်ရှုစစ်ဆေးကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကိုလည်း ဝင်ရောက်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် နောင်ရမ်းခန်းမ၌ တွေ့ဆုံရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပန်ဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက ချိုင့်ဝှမ်းလွင်ပြင်အနည်းငယ်မြင့် တောင်တန်းများပေါ်များသည့် နယ်စပ်ဒေသ ပန်ဆောင်မြို့၏အနေအထား၊ နာဂ၊ လီဆူး၊ ဗမာ တိုင်းရင်းသားများ အေးချမ်းစွာစုပေါင်းနေထိုင်ကြမှု၊ နယ်မြေ အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှု၊ မြေအသုံးချမှုနှင့် ပညာရေး၊ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်တို့က ပန်ဆောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၊ ဆက်လက်ပံ့ပိုးကူညီသွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နန်းယွန်းမြို့မှ နာဂတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ထို့နောက် ဝန်ကြီးချုပ်က ပန်ဆောင်မြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ အဆောက်အအုံ မွမ်းမံပြင်ဆင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးရေး၊ ဆေးရုံသုံးပစ္စည်းများ ပြည့်စုံရေး၊ စာသင်ကျောင်း ကျောင်းဆောင်များ မွမ်းမံပြင်ဆင်ရေး၊ ရေအားလျှပ်စစ်ရရှိရေးအတွက် စနစ်တကျ ရှာဖွေတိုင်းတာရေးကိစ္စများကို မှာကြား ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်ကမှာကြားရာတွင် နယ်စပ်အစွန်အဖျား သွားရေးလာရေးခက်ခဲသည့် ပန်ဆောင်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား လိုအပ်သည်များ ဖြည့်ဆည်း အားပေးရန် မိမိတို့ရောက်ရှိလာခြင်းဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ပန်ဆောင်မြို့မှ ပြည်သူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် နယ်စပ်ဒေသ၌ နေထိုင်ရသူများဖြစ်၍ မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ကို မွေးမြူ၍ စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပန်ဆောင်ဒေသသည် တစ်ချိန်တွင် စီးပွားကုန်သွယ်မှုကို အကြောင်းပြု၍ ဖွံ့ဖြိုးတိုးတက်ရန်အလားအလာရှိသော ဒေသဖြစ်ကြောင်း၊ ဒေသတွင်း စည်းလုံးညီညွတ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အုပ်ချုပ်ရေးခိုင်မာမှု စသည့် အခြေခံလိုအပ်ချက်များကို တည်ဆောက် ထိန်းသိမ်းထားရမှာဖြစ်ကြောင်း၊ ဤဒေသနှင့် ဆက်စပ်ဆက်သွယ်သည့် ကားလမ်းများကို လမ်း ရာသီမရွေးသွားနိုင်အောင် ဆက်လက်စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပံ့ပိုးငွေများပေးအပ်

ယင်းနောက် ဝန်ကြီးချုပ်သည် ပန်ဆောင်မြို့အတွက် လက်ဆောင်ပစ္စည်းများ၊ လူမှုရေးအသင်းအဖွဲ့များအတွက် ပံ့ပိုးငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် တာဝန်ရှိသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပန်ဆောင်မြို့မှ ဌာနဆိုင်ရာများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုအားပေး

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် နန်းယွန်းမြို့သို့ ရောက်ရှိကြပြီး မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ လူနာများအား ကြည့်ရှုအားပေးကာ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့သွားရောက်၍ တိုင်းရင်းသူများအား စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်းများ သင်ကြားပေးနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးကာ ကျောင်းအုပ်နှင့် ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ကိုယ့်အားကိုယ်ကိုးဈေး ကြည့်ရှု

ထို့နောက် နန်းယွန်းမြို့ ကိုယ့်အားကိုယ်ကိုးဈေးကို ကြည့်ရှုစစ်ဆေးကြပြီး ဗန္ဓုလခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နန်းယွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအေးလွင်က နန်းယွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

တိုက်တွန်းမှာကြား

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် ကချင်ပြည်နယ်အတွင်းရှိ ဝေးလံပြီး ဆက်သွယ်မှုမလွယ်ကူသော နယ်စပ်ဒေသ ခေါင်လန်ဖူးမြို့နှင့် ပန်နန်းဒင်မြို့တို့သို့လည်းကောင်း၊ နောင်မွန်မြို့၊ ဒေါ့ဖုန်းယန်မြို့၊ ဆင်ဘိုမြို့များသို့လည်းကောင်း လှည့်လည်သွားရောက်ပြီး ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာအောင်၊ သွေးရင်းသားရင်း တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းများ မြင့်မားလာအောင် လိုအပ်သည်များကို တိုက်တွန်းမှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း။

ယခုလည်း စစ်ကိုင်းတိုင်းအတွင်းမှ အစွန်အဖျားအကျဆုံးဒေသဖြစ်သည့် နန်းယွန်းမြို့နယ်မှ နယ်စပ်မြို့ ပန်ဆောင်သို့လည်း ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ပန်ဆောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မိမိတို့ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ပိုမိုဖွံ့ဖြိုးတိုးတက်

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးတစ်နံတစ်လျားရှိ ဒေသအသီးသီး မျှတစွာ ဘက်စုံထောင့်စုံက ဖွံ့ဖြိုးစည်ပင်တိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်း ပိုမိုတိုးတက်

ကောင်းမွန်လာသည်နှင့်အမျှ ဤဒေသများသည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံနှင့်ဆက်စပ်၍ ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာအခြေအနေပေးနေသည့် ဒေသများလည်းဖြစ်ကြောင်း။

တနိုင်းလွင်ပြင်၌ရှိသော မြေသယံဇာတများကို ဖော်ထုတ်စိုက်ပျိုးမည့် လုပ်ငန်းရှင်များလည်း ယခုအခါ စတင်ရောက်ရှိလာရာ ဒေသတွင်း ကုန်ထုတ်လုပ်မှုသည်လည်း သိသာစွာ တိုးတက်လာမှာဖြစ်ကြောင်း။

ပူးပေါင်းကြိုးပမ်း

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေး၊ ဒေသအသီးသီး ဖွံ့ဖြိုးရေးတို့အတွက် အရှိန်အဟုန်မပျက်ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးနေမည်ဖြစ်ရာ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း လက်တွဲညီစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ပူးပေါင်းကြိုးပမ်းသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နန်းယွန်းမြို့မှ နာဂတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး မြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပစ္စည်းများ၊ လူမှုရေးအသင်းအဖွဲ့များအတွက် ပံ့ပိုးငွေများကို တာဝန်ရှိသူများသို့ ဆက်လက်ပေးအပ်သည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး ဦးသောင်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့က လက်ဆောင်ပစ္စည်းများ၊ စာအုပ်စာစောင်များကို ပေးအပ်ကြသည်။

ဝတ်စုံများပေးအပ်

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ မြို့အခြေအနေကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ခန်းမဆောင်၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ရှင်ဗွေယန်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်တင် လုပ်ကိုင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် နာဂတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်ဗွေယန်မြို့အတွက် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ကျောင်းဆောင်သစ်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှင်ဗွေယန်မြို့ အခြေခံပညာ အလယ်တန်းကျောင်း အဆောက်အအုံနှင့် ဆောက်လုပ်ဆဲ ကျောင်းဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တနိုင်းမြို့သို့ ထွက်ခွာခဲ့ကြပြီး ဟူးကောင်းခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာ တာဝန်ခံများက ဒေသအခြေအနေများ၊ ပညာရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ခုတင်(၅၀)ဆံ့ ဆေးရုံ၌ ဓာတ်မှန်စက်၊ သွားစိုက်ခုံ၊ ခုတင် စသည့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက် ကောင်းရေး၊ ကျောင်းသား ကျောင်းသူများအား စာတတ်မြောက်အောင် သင်ကြားရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့် လိုက်လျောညီထွေရှိသည့် ထက်မြက်သော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် အစဉ်အမြဲ ပြုစုအားထုတ်ရေး၊ ဒေသခံပြည်သူများအား အုပ်ချုပ်မှုအရ၊ တရားဥပဒေအရ ကာကွယ်စောင့်ရှောက်ရေးကိစ္စများကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် တနိုင်းမြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေးအား ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့နယ် နန်ဖြတ်ဒေသရှိ ယုဇနကုမ္ပဏီလီမိတက်၏ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က မိမိတို့ကုမ္ပဏီအနေဖြင့် တနိုင်းမြို့နယ်ရှိ မြေလွတ်မြေရိုင်းများ၌ ကြံ၊ ပီလောပီနံနှင့် ဒေသနှင့်ကိုက်ညီသည့် အခြားသီးနှံများကို နှစ်တိုကာလအတွင်း အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ရေး ရည်ရွယ်၍ ဤစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းကို တနိုင်းမြို့နယ် မြစ်ကြီးနား–တနိုင်း ကားလမ်း ဝဲ/ယာတစ်လျှောက်ရှိ မြေလွတ်မြေရိုင်း ဧကနှစ်သိန်း၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြံနှင့် ပီလောပီနံတို့မှ ကုန်ချောထုတ်လုပ်နိုင်ရေးအတွက် အက်သနောစက်ရုံ၊ သကြားစက်ရုံ၊ ပီလောပီနံကော်မှုန့်စက်ရုံတို့ကို အဆင့်လိုက် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ မြေယာရှင်းလင်းခြင်းလုပ်ငန်းများကို ၂၀၀၆ ခုနှစ် စက်တင်ဘာလလယ်မှ စတင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က မှာကြားရာတွင် ရေနံ၊ ကျောက်မီးသွေးစသည့် လောင်စာများသည် နှစ်ကာလ ရှည်ကြာလာသည်နှင့်အမျှ ထုတ်ယူသုံးစွဲမှုများလာသည်နှင့်အမျှ ပြန်လည်ဖြည့်ဆည်း၍ မရသော ကုန်ခန်းလွယ်သည့် လောင်စာများဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီလဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြိုးစားဆောင်ရွက်

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ယင်းသမားရိုးကျ လောင်စာအစား ပြန်လည်ဖြည့်ဆည်းရနိုင်သည့် လောင်စာများကို အစားထိုးသုံးစွဲနိုင်ရေးအတွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ် စာသင်ခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံအလိုက် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြံဆ ဆောင်ရွက်လျက်ရှိကြကြောင်း။

အထူးသဖြင့် လယ်ယာသီးနှံများကို အခြေခံသည့် ဇီဝလောင်စာဆီကို ကျယ်ကျယ်ပြန့်ပြန့် အစားထိုး သုံးစွဲလာလျက်ရှိကြကြောင်း၊ ပြောင်း၊ ကြံ၊ ပဲပုတ်၊ နေကြာ၊ ကြက်ဆူစေ့၊ မုန်ညင်းတို့ကို အသုံးပြု၍ ထုတ်လုပ်လျက်ရှိကြကြောင်း။

မိမိတို့နိုင်ငံ၏ အခြေအနေအရ လွယ်လင့်တကူ စိုက်ပျိုးဖြစ်ထွန်းလွယ်သော ခြံစည်းရိုးကြက်ဆူပင်ကို လူထု လှုပ်ရှားမှုပုံစံမျိုးဖြင့် စိုက်ပျိုး၍ ဇီဝဒီဇယ်ဆီကို ထုတ်လုပ်အသုံးပြုရန် အင်တိုက်အားတိုက် စီမံလျက်ရှိကြောင်း။

အရေးကြီးသည့်စီမံကိန်း

ယုဇနကုမ္ပဏီက ဆောင်ရွက်မည့် ဘက်စုံစိုက်ပျိုးရေးစီမံကိန်းသည် အစားထိုးလောင်စာဖြစ်သည့် အက်သနောကို ဓာတ်ဆီနှင့်ရောစပ်သော Gasohol ရရှိရေးစီမံကိန်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့် စီမံကိန်းဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံ

ကချင်ပြည်နယ်သည် ရေသယံဇာတ၊ မြေသယံဇာတ စသည့် သဘာဝ အရင်းအမြစ်များ ပေါကြွယ်ဝသည့် ပြည်နယ်ဖြစ်ရာ ယင်းသဘာဝ အရင်းအမြစ်များ၌ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများဆောင်ရွက်မည့် လုပ်ငန်းရှင်များအား ထာဝစဉ် ဖိတ်ခေါ်ခဲ့ကြောင်း၊ ယခုအခါ ယုဇနကုမ္ပဏီသည် မိမိအကျိုးရော နိုင်ငံတော်အကျိုးပါ ဖြစ်ထွန်းမည့် ဤဘက်စုံစိုက်ပျိုးရေး စီမံကိန်းကို ယုံကြည်ချက်ရှိရှိဖြင့် စနစ်တကျ ရင်းနှီးမြှုပ်နှံဆောင်ရွက်လာခြင်းဖြစ်ရာ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် အားပေးကူညီသွားကြရမည်ဖြစ်ကြောင်း၊ အခြားလုပ်ငန်းရှင်များလည်း ဤစီမံကိန်းကဲ့သို့ ကုန်ထုတ်လုပ်ငန်းကြီးများ၌ ပါဝင်ရင်းနှီးမြှုပ်နှံလာအောင် ဖိတ်ခေါ် စည်းရုံးသွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ ယာဉ်ယန္တရားများ စုဆောင်းထားမှု၊ အကြိုစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲစတင် ကျောက်စိမ်း၊ ကျောက်မျက်များတစ်မူထူးခြားစွာ ပြသရောင်းချမည် ပြည်တွင်းပြည်ပ သတင်းစာဆရာများအား ရှင်းလင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက် ၉နာရီမှစတင်၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမနှင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ကျင်းပရာ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးသစ္စာလှထွေးနှင့်အသင်းဝင် နိုင်ငံခြားသတင်းထောက်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပြည်တွင်းစာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (အောက်ပုံ)

ရှေးဦးစွာ ကျောက်မျက်ရတနာ ပြပွဲခန်းမရှိ ဈေးပြိုင်ခန်းမ၌ ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဗဟိုကော်မတီဝင်များက ပြပွဲခင်းကျင်းပြသရောင်းချရေးနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပ သတင်းစာဆရာများအား သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

အရည်အသွေးကောင်း

ထို့နောက် ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူးက ရှင်းလင်းပြောကြားရာတွင် ယခု ၂၀၀၆ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ အရေအတွက်နှင့် အရည်အသွေးကောင်းမွန်သော ကျောက်မျက်ရတနာအတွဲများကို တစ်မူထူးခြားစွာ ပြသရောင်းချသွားမည် ဖြစ်ကြောင်း၊ ပုလဲအတွဲများ ရောင်းချမှုနှင့်ပတ်သက်၍ ပြည်ပမှ ပုလဲရတနာ ကုန်သည်များ အထူး စိတ်ဝင်စားပြီး ပိုမိုလာရောက်ဝယ်ယူကြမည် ဖြစ်ကြောင်း။

ယခုနှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲသို့ နိုင်ငံပေါင်း၂၅ နိုင်ငံမှ ရတနာကုမ္ပဏီ ၁၀၃၉ခုကို ဖိတ်ကြားထားရာ ယနေ့အထိ နိုင်ငံပေါင်း၁၂နိုင်ငံရှိ ရတနာကုမ္ပဏီ ၃၁၂ခုမှ ရတနာကုန်သည် ၁၁၉၃ဦးလာရောက်မည်ဟု ပြန်ကြားချက်များ ရရှိထားကြောင်း၊ သို့ရာတွင် ပြည်ပမှ ရတနာကုန်သည်များ၏ အစဉ်အလာအရ ပြပွဲချိန် ရက်နီးမှ လာရောက်ကြသည့်အတွက် ဤပြပွဲသို့ ပြည်ပရတနာကုန်သည် ၁၅၀၀ ခန့် တက်ရောက်ကြမည်ဟု ခန့်မှန်းထားကြောင်း။

ယခုနှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲရတနာ အတွဲပေါင်း ၂၉၁တွဲကို လည်းကောင်း၊ ကျောက်မျက်ရတနာ အတွဲပေါင်း ၄၆၈တွဲကိုလည်းကောင်း၊ ကျောက်စိမ်း အတွဲပေါင်း ၄၂၃၇တွဲကိုလည်းကောင်း၊ စုစုပေါင်း ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲ ၄၉၉၆တွဲတို့ကိုတင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး နှင့် ဗဟိုကော်မတီဝင် မြန်မာ့ ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုမည့် မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆

သစ်တောရတနာ၊ ပြည့်ဘဏ္ဍာ
အစဉ်ထာဝရ၊ ထိန်းသိမ်းကြ

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆

အောက်တိုဘာလ(၂၁)ရက် မှ (၂၅)ရက်
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း
ရန်ကုန်မြို့

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ထူးခြားကောင်းမွန်သော ရာသီဥတုရှိသဖြင့် သဘာဝသယံဇာတ အရင်းအမြစ် အမျိုးအစားစုံလင်ကြွယ်ဝ၏။ ထိုအရင်းအမြစ်များအနက် သစ်တောသယံဇာတ အရင်းအမြစ်သည် အရေးပါဆုံးပင်ဖြစ်သည်။ ရှေးမြန်မာမင်းများ လက်ထက်မှစ၍ နိုင်ငံတော်၏စီးပွားရေးအတွက် သစ်တောအရေးပါပုံကို အလေးဂရုပြုခဲ့ကြသည်။ သစ်တောထိန်းသိမ်းခြင်း၊ စနစ်တကျထုတ်လုပ်ခြင်း၊ အခွန်အတုတ်ကောက်ခံခြင်းများကို ခေတ်အခါအလျောက် နည်းလမ်းတကျ ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် တောင်နှင့်မြောက်ရှည်လျားခြင်းကြောင့် အပူပိုင်း၊ သမပိုင်း၊ အအေးပိုင်းစသည့်ဒေသများတွင် မျှတစွာပါဝင်လျက်ရှိ၏။ ရာသီဥတုမျှတသဖြင့် ဇီဝမျိုးစုံကြွယ်ဝစွာ ရှင်သန်ကြ၏။ မြန်မာ့သစ်တောများအတွင်း သစ်မျိုးစုံထောင်နှင့်ချီ၍ရှိနေပြီး စီးပွားရေးအရ ၈၅မျိုးကို အုပ်စုများခွဲခြားသတ်မှတ်၍ ထုတ်လုပ်ရောင်းဝယ်လျက်ရှိသည်။ အဆိုပါ သစ်မျိုးစုံတို့အနက် ကျွန်းသစ်ကား ကမ္ဘာကျော်သစ်မျိုးဖြစ်၏။ သစ်တောများ စနစ်တကျထိန်းသိမ်းခြင်းကို စတင်ခဲ့သူ ဒေါက်တာဘရန်းဒစ်က "တွင်းထွက်ပစ္စည်းအမျိုးမျိုးတွင် စိန်ကိုအခြားပစ္စည်းက နှိုင်းယှဉ်၍ မရသကဲ့သို့ သစ်တကာတွင်လည်း ကျွန်းသစ်ကို မည်သည့်သစ်ကမျှ ယှဉ်ပြိုင်နိုင်မည်မဟုတ်ပါ"ဟု ပြောခဲ့ဖူးသည်။

သို့ဖြစ်ရာ နိုင်ငံတကာသစ်နှင့် သစ်ထွက်ပစ္စည်း ဈေးကွက်အတွင်း၌ ကျွန်းသစ်သည်ထိပ်ဆုံးကနေရာယူလျက်ရှိပေသည်။ ယင်းသို့ကမ္ဘာ့အလယ်တွင် ထည်ဝါဝင့်ကြွားစွာ ရပ်တည်နေသော ကျွန်းသစ်ကြောင့် မြန်မာနိုင်ငံ၏ ဂုဏ်သတင်းမှာ ပေါ်လွင်ထင်ရှားလျက်ရှိသည်။ မြန်မာနိုင်ငံသည် သဘာဝအတိုင်း ကျွန်းပေါက်ရောက်သည့် နိုင်ငံလေးနိုင်ငံအနက် အများဆုံး ထုတ်လုပ်တင်ပို့နိုင်သည့် နိုင်ငံဖြစ်သည်။ ကျွန်းနှင့်မြန်မာ၊ မြန်မာနှင့်ကျွန်း ခွဲခြား၍မရပါချေ။

ထို့ကြောင့် နိုင်ငံတကာဈေးကွက်တွင် ကျွန်းသစ်ဟုဆိုလျှင် မြန်မာဟူသော ဝေါဟာရနှင့်တွဲဖက်သုံးစွဲမှ ပို၍ပေါ်လွင်ထင်ရှားပြီး ရောင်းပန်းလှ၏။ မြန်မာ့ကျွန်း(Myanmar Teak)ဟု အမည်တပ်၍ ရောင်းဝယ်ကြ၏။ အချို့နိုင်ငံများတွင် ကျွန်းသစ်ကို စိုက်ခင်းများ ထူထောင်စိုက်ပျိုး၍ ထုတ်လုပ်ရောင်းချကြသော်လည်း အရေအတွက်အားဖြင့် နည်းပါး၏။ ထို့အပြင် စိုက်ခင်းမှ ထုတ်လုပ်သဖြင့် သက်တမ်းနုသောကြောင့် မြန်မာ့သဘာဝကျွန်းကဲ့သို့ အရည်အသွေးမကောင်း၊ ရောင်းပန်းမလှချေ။ သို့ရာတွင် နှစ်စဉ်တိုးတက်လျက်ရှိသော ဝယ်လိုအားကြောင့် အဆိုပါ စိုက်ခင်းထွက် ကျွန်းသစ်များမှာလည်း သူ့ဈေးကွက်နှင့်သူ ရပ်တည်နိုင်ကြသည်ကို တွေ့ရသည်။ နှစ်စဉ်ဝယ်လိုအား တိုးတက်မြင့်မားလျက်ရှိသော်လည်း အခြားတစ်ဖက်တွင် ဝယ်လိုအား ရှိသလောက် ထုတ်လုပ်ရောင်းချရန်မှာ အကန့်အသတ်များရှိ၏။ ကျွန်းအပါအဝင် မြန်မာ့သစ်မာများအားလုံးကို နှစ်စဉ် တောထွက်ခွင့်ပြုတန်ပမာဏ ဘောင်အတွင်းမှသာ ထုတ်လုပ်ရ၏။

ဤသို့ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတသည့် အခြေအနေကြောင့် ကျွန်းသစ်လိုအပ်ချက် နှစ်စဉ်တိုးတက် သကဲ့သို့ ကျွန်းသစ်ဈေးနှုန်းမှာလည်း မြင့်တက်နေသည်။ တန်ဖိုးကြီးမား သော ကျွန်းသစ်ကို ကုန်ကြမ်းအဖြစ် သစ်လုံးလိုက်ရောင်းချခြင်းအစား တန်ဖိုးမြှင့် သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်တင်ပို့ခြင်းဖြင့် အကျိုးကျေးဇူး ပိုမိုရရှိရေးကို မျှော်မှန်းလုပ်ကိုင်ခဲ့ကြသည်။ ထို့ကြောင့် သစ်အခြေခံစက်မှုလုပ်ငန်းများကို နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ကဏ္ဍနှစ်ရပ်စလုံးတွင် ထူထောင်၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးဆောင်ခဲ့ကြသည်။

သစ်တောရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်ပိုင် အဖိုးတန် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရင်း နိုင်ငံတော် စီးပွားရေးကို သစ်တောကဏ္ဍမှ အထောက်အကူပေးရန် အဓိကတာဝန်ယူ ဆောင်ရွက်လျက် ရှိပေသည်။ အဖိုးတန် သစ်တောသယံဇာတများ အလဟဿ လေလွင့်ပြုန်းတီးမှုမရှိစေရေးအတွက် တောတွင်းခုတ်လှဲ ထုတ်လုပ်ခြင်းမှစ၍ ခွဲစိတ်ပြီးအချောထည် ထုတ်လုပ်တင်ပို့သည်အထိ အဆင့်ဆင့် စနစ်တကျ ထိန်းသိမ်းကွပ်ကဲဆောင်ရွက်လျက်ရှိသည်။

တောတွင်း ခုတ်လှဲထုတ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အတန်းအစားခွဲခြားခြင်းနှင့် ရောင်းချခြင်းများကို ထိုသို့စနစ်တကျ ဆောင်ရွက်သည့်နည်းတူ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် သစ်အခြေခံစက်မှုလုပ်ငန်းများ၏ ကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်း၍ သစ်အချောထည် ထုတ်လုပ်တင်ပို့ခြင်းမှ ပြည်ပဝင်ငွေတိုးတက်ရရှိရေးကိုလည်း အားပေးကူညီဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းရှာကြံ၍ ထိုးဖောက်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများ ညီညီညွတ်ညွတ် ပူးပေါင်းပြီး အချိုးညီ မှန်မှန်တိုးတက်ရေးကို ရည်ရွယ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ၏ သစ်တောစီးပွားကဏ္ဍတွင် တိုးတက်ပြောင်းလဲမှုများ အဆင့်ဆင့်ဖြစ်ထွန်းပေါ်ပေါက်လာလျက်ရှိသည့်နည်းတူ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ချမှတ်ထားပြီးဖြစ်သည်။ မြန်မာ့သစ်တောများမှ နှစ်စဉ်ခုတ်လှဲထုတ်ယူနိုင်သည့် နှစ်စဉ်ခွင့်ပြုတောထွက်တန်ပမာဏမှာ ကျွန်းသစ်တန်သုံးသိန်းခန့်နှင့် သစ်မာတန် ၁၃သိန်းကျော်ဖြစ်သည်။ လက်ရှိထုတ်ယူမှုမှာ ကျွန်းသစ်တန် ၂ ဒသမ ၅သိန်းကျော်နှင့် သစ်မာတန် ၁၁သိန်းခန့်ဖြစ်သည်။ အဖိုးတန် ကျွန်းသစ်ကို ထိန်းသိမ်းသည့်အနေဖြင့် တိုးမြှင့်ထုတ်ယူခြင်း မပြုစေကာမူ သစ်မာများကို ပိုမိုထုတ်ယူနိုင်သေးသည်။ အထူးသဖြင့် လူသုံးနည်းသစ်မျိုးများကို ဖော်ထုတ်၍ ဈေးကွက်ဝင်အောင် ဆောင်ရွက်ပေးရမည်။ ဤသို့ဖြင့် တန်ဖိုးကြီးမားသော ကျွန်းသစ်တစ်ခုတည်းကိုသာ မှီခိုအားထားခြင်း လျော့ပါးစေပြီး ရေရှည်တွင်ကျွန်းတောများ လျော့နည်း ပြုန်းတီးမှုကို ကာကွယ်စေနိုင်မည် ဖြစ်သည်။

ဝင်းလှိုင်ကျော်

မြန်မာ့သစ်တောများကား ပဒေသာပင်သဖွယ် အဖိုးထိုက်လှ၏။မြန်မာ့သစ်တောများအတွင်း၌ ကျွန်းနှင့် အခြားသစ်မာမျိုးစုံအပြင် ကြိမ်နှင့်ဝါးမျိုးစုံတို့လည်း ပေါကြွယ်လှ၏။ ရှေးအခါက ကြိမ်နှင့်ဝါးတို့ကို ကျေးလက်ဒေသသုံးအဖြစ်သာ သဘောထားခဲ့ကြသော်လည်း ယခုအခါ ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်ကာ မျက်နှာပန်းပွင့်လာကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝဝါးတောများ ကျယ်ပြန့်စွာပေါက်ရောက်လျက်ရှိရာ ဝါးအမျိုးပေါင်းရာနှင့်ချီ၍ပါဝင်သည်။ ယင်းအနက် စီးပွားဖြစ်ထုတ်ယူသုံးစွဲနိုင်သည့်ဝါးမျိုး ၁၆မျိုးရှိသည်ကို တွေ့ရသည်။ ဝါး၏အသုံးဝင်မှုသည်လည်း များပြားလှ၏။ လူ့အသုံးအဆောင်၊ ပရိဘောဂအပြင် ဝါးကြမ်းခင်း၊ ဝါးမီးသွေး၊ ဝါးဖျာမှအစ ဝါးမှထုတ်လုပ်သော ဆေးဝါးမျိုးစုံနှင့် အဝတ်အထည်များအထိ ကျယ်ပြန့်လှ၏။ အလားတူ ကြိမ်၏ကဏ္ဍသည်လည်း အရေးပါလာ၏။ မြန်မာနိုင်ငံတွင် ကြိမ်အမျိုးပေါင်း ၃၅မျိုးခန့် ပေါက်ရောက်ရှင်သန်လျက်ရှိရာ ကြိမ်မျိုး ၁၈မျိုးကို စီးပွားဖြစ် ထုတ်လုပ်တင်ပို့နေကြောင်း သိရသည်။

သစ်တောရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ သစ်တောစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နှစ်ထက်တစ်နှစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ စနစ်တကျထုတ်ယူသုံးစွဲခြင်း၊ ရောင်းချဖြန့်ဖြူးတင်ပို့ခြင်းစသဖြင့် လုပ်ငန်းအလိုက် အချိုးညီညီ စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် သစ်အခြေခံစက်မှုလုပ်ငန်းများမှ ထုတ်လုပ်လျက်ရှိသည့် ထွက်ကုန်ပစ္စည်းများအား နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက်ကိုလည်း ဦးတည်ချက်ထားရှိသည်။ ထိုဦးတည်ချက်နှင့်အညီ နိုင်ငံတကာအဆင့် ပရိဘောဂပြပွဲများ နှစ်စဉ်ကျင်းပရန်မျှော်လင့်ဆောင်ရွက်ခဲ့ရာ ပထမအကြိမ် မြန်မာ့ပရိဘောဂပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာ၂၂ရက်မှ ၂၆ရက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။

ယခုအခါ ဒုတိယအကြိမ်အဖြစ် မြန်မာ့ပရိဘောဂပြပွဲ ၂၀၀၆ကို သစ်တောရေးရာဝန်ကြီးဌာန၏စီစဉ်မှုဖြင့် မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းများနှင့် သစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသွားရန် စီစဉ်ထားသည်။

မြန်မာ့ပရိဘောဂပြပွဲကို အောက်တိုဘာ၂၁ရက်မှ ၂၅ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။ နိုင်ငံတကာအဆင့် ပြပွဲဖြစ်သည်နှင့်အညီ ပရိဘောဂအပါအဝင် သစ်အခြေခံ အချောထည်ပစ္စည်းအမျိုးမျိုး၊ ကြိမ်နှင့် ဝါးထွက်ပစ္စည်းအမျိုးမျိုးနှင့်သစ်အခြေခံစက်မှုလုပ်ငန်းသုံး စက်နှင့်စက်ကိရိယာပစ္စည်းအမျိုးမျိုးကိုပြသခြင်း၊ ရောင်းသူဝယ်သူတွေ့ဆုံညှိနှိုင်းခြင်း၊ စာချုပ်ချုပ်ဆိုခြင်း စသည့်လုပ်ငန်းများ တစ်ပေါင်းတည်း ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်ရာ အောက်တိုဘာ၂၁ရက်မှ ၂၃ ရက်အထိ ကာလကို လုပ်ငန်းရှင်များအတွက် သီးသန့်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ကျန်နှစ်ရက်ဖြစ်သော ၂၄ရက်နှင့်၂၅ရက်များတွင် အများပြည်သူအား ကြည့်ရှုလေ့လာခွင့်ပြုမည် ဖြစ်သည်။

မြန်မာ့ပရိဘောဂပြပွဲ ၂၀၀၆တွင် မြန်မာ့သစ်လုပ်ငန်းအပါအဝင် ပုဂ္ဂလိကကုမ္ပဏီပေါင်း ၄၁ခုတို့က ပြခန်းပေါင်း၁၆၅ခန်းကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ဒုတိယအကြိမ်ပရိဘောဂပြပွဲ၏ ထူးခြားချက်မှာ ပထမအကြိမ်ကထက် ပြခန်းအရေအတွက်ပိုလာခြင်း၊ ပစ္စည်းအမျိုးအမည်ပိုမို စုံလင်လာခြင်း၊ အထူးသဖြင့် ပြည်ပမှသစ်အခြေခံစက်မှုလုပ်ငန်းသုံးစက်နှင့် စက်ကိရိယာပစ္စည်းများ ပါဝင်ပြသနိုင်ခြင်းတို့ဖြစ်သည်။ ပြခန်းရှင်များ အားလုံးမှာ တိုင်းရင်းသားလုပ်ငန်းရှင်များ ဖြစ်ကြပြီး သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်သော မြန်မာ့သစ်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နေကြသူများ ဖြစ်ကြသည်။

မြန်မာ့ပရိဘောဂပြပွဲများကို နှစ်စဉ်အောင်မြင်စွာ ကျင်းပပေးနိုင်ခြင်းဖြင့် မြန်မာနိုင်ငံသည် အဖိုးတန်ကျွန်း၊ သစ်မာနှင့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်ရာ အဓိကဒေသတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ခြင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ပဝင်ငွေပိုမိုရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေခြင်း၊ ဈေးကွက် ပိုမိုကျယ်ပြန့်လာခြင်း၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် သစ်တောသယံဇာတ ထိန်းသိမ်းရေးအတွက် အများပြည်သူကို ပညာပေးနိုင်ခြင်းစသည့် ဆင့်ပွားအကျိုးတရားများ ရရှိလာမည်ဖြစ်ပေသည်။

ထိုသို့ ဈေးကွက်ကျယ်ပြန့်ပြီး ဝယ်လိုအားကို ဖွံ့ဖြိုးတိုးတက်စေလျက် ထုတ်လုပ်မှုတိုးတက်ရေးကို အားထုတ်ကြိုးပမ်းကြလျှင် ကုန်ကြမ်းလိုအပ်ချက် ပိုမိုများပြားလာမည်ဖြစ်၏။ ထိုသို့ များပြားလာသည်နှင့်အမျှ ကုန်ကြမ်း ပိုမိုထုတ်ယူသုံးစွဲခြင်းကြောင့် သဘာဝသစ်တောသယံဇာတ အရင်းအမြစ်များကို ထိခိုက်လာနိုင်သည်။ သို့သော် ယင်းအချက်နှင့် ပတ်သက်၍ သစ်တောရေးရာဝန်ကြီးဌာနသည် စီမံချက်များ ချမှတ်ထားရှိပြီးဖြစ်သည်။ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ကုန်ကြမ်းလိုအပ်ချက်အတွက် သဘာဝ သစ်တောများအပေါ် မှီခိုအားထားမှုကို လျော့နည်းစေရန် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းလုပ်ငန်းကို အလေးထား တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခင်က သစ်တောစိုက်ခင်းများ ထူထောင်လုပ်ကိုင်ခြင်းကို နိုင်ငံတော်ကသာ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ တိုင်းရင်းသားလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြုနေပြီဖြစ်သည်။

တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် သစ်အခြေခံစက်မှုလုပ်ငန်း ထူထောင်လုပ်ကိုင်ခြင်းမရှိစေကာမူ သစ်တောစိုက်ခင်းထူထောင်လုပ်ကိုင်ခြင်းကို နည်းလမ်းတကျ ခွင့်ပြုသွားရန်ဖြစ်သည်။ သစ်အခြေခံစက်မှုလုပ်ငန်း လုပ်ကိုင်နေသူ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိစက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းထုတ်ယူရန် ကိုယ်ပိုင်စိုက်ခင်းများ ထူထောင်နိုင်မည်ဖြစ်သည်။ ပို၍ ထူးခြားသည်မှာ ယခင်က ကျွန်းမှအပ အခြားသစ်မာသစ်မျိုးများကိုသာ တိုင်းရင်းသား လုပ်ငန်းရှင်များအား စိုက်ခင်းထူထောင်ခွင့်ပေးခဲ့သော်လည်း ယခုအခါ ကျွန်းစိုက်ခင်းထူထောင် လုပ်ကိုင်ခြင်းကိုပါ တိုင်းရင်းသားလုပ်ငန်းရှင်များအား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သုတေသန တွေ့ရှိချက်များအရ နှစ်တို၊ နှစ်ရှည်သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ကျွန်းစိုက်ပျိုးခြင်းသည် အခြားသီးနှံများအားလုံးထက် အကျိုးအမြတ် ပိုမိုကြောင်းသိရသည်။ ကျွန်းစိုက်ခင်း ထူထောင်လုပ်ကိုင်ခြင်းအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲခန့်သာ ကုန်ကျစရိတ်ရှိသည်။ ငါးနှစ်ကြာလျှင် ပထမအကြိမ် ပင်ကျပ်နုတ်ခြင်းမှ ဝင်ငွေစတင်ရရှိမည်ဖြစ်သည်။ ထို့အပြင် ကျွန်းပင်များအကြားတွင် အခြားနှစ်တိုသီးနှံများကို သီးထပ်သီးညှပ် စိုက်ပျိုးနိုင်သည်။ ကျွန်းသစ် စိုက်ပျိုးခြင်းသည် ပျားလည်းစွ၊ ပန်းလည်းလှမည့် စီမံကိန်းတစ်ရပ် ဖြစ်ပါသည်။

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် မြန်မာ့ရေမြေသဘာဝနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုရန်အတွက်လည်းကောင်း၊ အဖိုးတန်သစ်တောသယံဇာတများ ရေရှည်တည်တံ့နေစေရန်အတွက်လည်းကောင်း၊ ပြည်သူတို့၏ စားဝတ်နေရေးအတွက် ထောက်ပံ့ပေးရန်အတွက်လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း အလွန်အရေးပါသည့်လုပ်ငန်းဖြစ်ပေသည်။ အဆိုပါ လုပ်ငန်းစဉ်များ အောင်မြင်စွာ ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးပါသော ကိစ္စတစ်ရပ်မှာ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ ရှာဖွေစုဆောင်းခြင်းပင်ဖြစ်သည်။ ဈေးကွက်ဟုဆိုရာတွင် ပြည်ပဈေးကွက်သာမဟုတ်ဘဲ၊ပြည်တွင်းဈေးကွက်အခြေအနေကိုလည်း လေ့လာကြရပါမည်။ ဝယ်ယူသူတို့၏ ဆန္ဒ၊ အကြိုက် နှစ်သက်မှုကို စေ့ငုရာ၏။ ထိုသတင်းအချက်အလက်များကို မြန်မာ့ပရိဘောဂပြပွဲမှရနိုင်၏။ ရောင်းသူဝယ်သူတို့ စုဝေးတွေ့ဆုံကြပြီး တစ်ဦး၏လိုအပ်ချက်ကို တစ်ဦးက တစ်ထိုင်တည်းသိနိုင်၏။ အဆင်ပြေအောင် ညှိနှိုင်းဖြည့်ဆည်းပေးနိုင်၏။ သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှသော အခမ်းအနားအဖြစ် မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆အား လှိုက်လှဲစွာဂုဏ်ပြု ကြိုဆိုလိုက်ရပါသည်။ ။

20-10 (10) 1 10/20/06, 3:05 AM

✻ ကျောဖုံးမှ

ထိုသို့ ကျင်းပရာတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဂီတအဆိုပြိုင်ပွဲကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်စုဝေးခန်းမ၌လည်းကောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲကို စိုက်ပျိုးရေး တက္ကသိုလ်စာသင်ခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ အိုးစည်ပြိုင်ပွဲကို စိုက်ပျိုးရေး သုတေသန စုဝေးခန်းမ၌ လည်းကောင်း၊ အတီးပြိုင်ပွဲ၏စန္ဒရားပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌လည်းကောင်း၊ အတီးပြိုင်ပွဲ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲနှင့် တယောပြိုင်ပွဲတို့ကို စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း ကျင်းပကြသည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲများသို့ ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မိသားစုများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် ဇနီး၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ တိုင်းရင်းသား ယဉ်ကျေးမှု အဖွဲ့များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိတပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ ရေဆင်းရှိ တက္ကသိုလ် နယ်မြေတို့မှ ဝန်ထမ်းမိသားစုများ၊ ပျဉ်းမနား၊ လယ်ဝေး၊တပ်ကုန်း၊ ရမည်းသင်းဒေသတို့မှ ပြည်သူများနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုသုခုမပညာကို ချစ်မြတ်နိုးကြသူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ မဟာဂီတအဆိုပြိုင်ပွဲကို နံနက်၉နာရီတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စုဝေးခန်းမ၌ဆက်လက် ကျင်းပသည်။

မဟာဂီတအဆို

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)မဟာဂီတအဆိုပြိုင်ပွဲကို ကျင်းပရာ 'လက်ယာသပြေ'(ပတ်ပျိုး) သီချင်းဖြင့်မန္တလေးတိုင်းမှမောင်ကောင်းမြတ်ကျော်၊ ရန်ကုန်တိုင်းမှ မောင်ကျော်ကျော်ဦးနှင့် မောင်ဇေယျာပြည့်ဖြိုး၊ ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်၊ မန္တလေးတိုင်းမှ မောင်ရာဇာတင်အေး၊ ပဲခူးတိုင်းမှ မောင်ကြာခိုင်၊ ကရင်ပြည်နယ်မှ စောအဲခလိန်း(ခ) စောကျော်စိုးဦး၊ ဧရာဝတီတိုင်းမှ မောင်ချမ်းမြေ့သူနှင့် စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'မှိုင်းရိပ်ကယ်တည့်' (ကြိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ မပန်းအိစံ၊ မန္တလေးတိုင်းမှ မချယ်ရီလင်း၊ ပဲခူးတိုင်းမှ မနန္ဒာလွင်၊ ရန်ကုန်တိုင်းမှ မမြတ်ဘုန်းမိုလင်း၊ မန္တလေးတိုင်းမှ မနှင်းထက်ထက်လွင်၊ ကရင်ပြည်နယ်မှ မနန်းသစ္စာလှိုင်၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ စစ်ကိုင်းတိုင်းမှ မအိမ့်ကြာဖြူ၊ ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း၊ ရခိုင်ပြည်နယ်မှ မပြည့်ပြည့်ဖြိုး၊ ကချင်ပြည်နယ်မှ မသက်ထားဖူး၊ မကွေးတိုင်းမှ မသန့်သန့်သီတာ၊ ဧရာဝတီတိုင်းမှ မရည်မွန်သန့်နှင့် ရန်ကုန်တိုင်းမှ မသင်းသီတာအောင်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

ခေတ်ဟောင်းကာလပေါ်တေး

အလားတူ ခေတ်ဟောင်းကာလပေါ်တေးအဆိုပြိုင်ပွဲကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် စာသင်ခန်းမ၌ ပဉ္စမမြောက်နေ့အဖြစ် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် နန်းတော်ရှေ့ဆရာတင် ရေးစပ်သီကုံးပြီး တေးသံရှင် ရီရီသန့် သီဆိုသည့်'မြိုင်'သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဒေါ်တင်တင်စန်း၊ စစ်ကိုင်းတိုင်းမှဒေါ်ကြူကြူခိုင်၊ ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်ထွန်း (မြဝတီ)၊ မွန်ပြည်နယ်မှ ဒေါ်ရွှေစင်လှိုင်၊ ရန်ကုန်တိုင်းမှ ဒေါ်စုမွန်၊ ပဲခူးတိုင်းမှ ဒေါ်နန်းယုချို၊ မန္တလေးတိုင်းမှ ဒေါ်ဆွေဆွေအောင်နှင့် မြန်မာမလေး ဒေါ်သပြေတို့က သီဆိုယှဉ်ပြိုင်ကြသည်။

ကာလပေါ်တေး

မွန်းလွဲပိုင်းတွင်အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသား) ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် ကိုလေးလွင် ရေးစပ်သီကုံးပြီး တေးသံရှင် သန်းထွန်းလေး သီဆိုသည့်'မမေ့သောအညာ'သီချင်းဖြင့် တနင်္သာရီတိုင်းမှ မောင်ကျော်ဇင်ခိုင်၊ မကွေးတိုင်းမှ မောင်အံ့ဩရ၊ ပဲခူးတိုင်းမှ မောင်ဆန်းဝင်းအောင်၊ ကချင်ပြည်နယ်မှ မောင်ဇေယျာပိုင်၊ ကရင်ပြည်နယ်မှ မောင်မင်းညီညီလွင်၊ ရှမ်းပြည်နယ်မှ မောင်ဟိန်းထက်၊ ရခိုင်ပြည်နယ်မှ မောင်နေရဲ၊ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ မန္တလေးတိုင်းမှ မောင်အားမာန်ကျော်၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဦး၊ မွန်ပြည်နယ်မှ မောင်ချစ်မင်းဇော်၊ ဧရာဝတီတိုင်းမှ မောင်ကိုကိုနိုင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပဉ္စမနေ့အဆိုပြိုင်ပွဲ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အကပြိုင်ပွဲ

အလားတူ(၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ယှဉ်ပြိုင်ကြရာတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးမင်းနိုင်စိုး၊ စစ်ကိုင်းတိုင်းမှ ဦးစိန်ဝင်းကြိုင်၊ မန္တလေးတိုင်းမှ ဦးမျိုးမင်းထွန်း (ခ) ထာဝရမျိုးလေး၊ ရန်ကုန်တိုင်းမှ မောင်အောင်အောင်(ခ)အောင်မိုးဝင်း၊ ရန်ကုန်တိုင်းမှ ဦးဝင်းသန်း(ခ)ရဲဝင်းနိုင်၊ မန္တလေးတိုင်းမှ ဦးချမ်းချမ်းမိုး၊ မကွေးတိုင်းမှ ဦးကိုကိုနိုင်၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်(ခ)ချစ်စိုးလင်း တို့က ဆိုင်းဝိုင်းကြီးဖြင့် အဖွဲ့လိုက် တွဲဖက်၍ ယှဉ်ပြိုင်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ယင်းနောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးအကပြိုင်ပွဲကိုကျင်းပရာ ဧရာဝတီတိုင်းမှ ဒေါ်အိခိုင်စိုး၊ ရှမ်းပြည်နယ်မှ ဒေါ်ရတနာစစ်၊ ပဲခူးတိုင်းမှ ဒေါ်ယုယုခင်၊ မန္တလေးတိုင်းမှ ဒေါ်စိုးနန္ဒာအိုင်၊ ရန်ကုန်တိုင်းမှ မဝင့်ဝါခိုင်၊ မကွေးတိုင်းမှ မချောအိနန္ဒာ၊ မန္တလေးတိုင်းမှ ဒေါ်သက်ထားဇင်၊ ကရင်ပြည်နယ်မှ ဒေါ်နန်းဝါဝါဝင်း၊ ကချင်ပြည်နယ်မှ မဝင်းဝင်းအေး၊ စစ်ကိုင်းတိုင်းမှ ဒေါ်ရွှေသီဂီမော်၊ ရန်ကုန်တိုင်းမှ မဟန်နွေငြိမ်းနှင့် မွန်ပြည်နယ်မှ မနှင်းဝတ်ရည်ခင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အိုးစည်အတီးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အိုးစည်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသား) အိုးစည်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ညွန့်အောင်(ခ) ညိုချောအဖွဲ့၊ စစ်ကိုင်းတိုင်းမှ စိန်မိုက်တီးအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်မိုးနိုင်အောင်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်မျိုးသူအဖွဲ့တို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းပြိုင်ပွဲအစီအစဉ်ကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား)အိုးစည်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်အဖွဲ့၊စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးအဖွဲ့၊ မန္တလေးတိုင်းမှ မောင်ဖြိုးမင်းစိုး(ခ) မင်းထက်အောင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်းဦးအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်အဖွဲ့နှင့် ဧရာဝတီတိုင်းမှ မောင်ဖြိုးကိုကို အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောသုတေသနဌာန၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲကို ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် 'ဇာတိအာဏာ' (ယိုးဒယား)ဖြင့် မန္တလေးတိုင်းမှ ဦးအောင်သက်ထွဏ်း၊ ရခိုင်ပြည်နယ်မှ ဦးမောင်စိုးသိန်း၊ ရန်ကုန်တိုင်းမှ မြန်မာပြည်လှိုင်မင်းနှင့် ဦးတင့်ခိုင်၊ မကွေးတိုင်းမှ ဦးကျော်ဌေးနှင့် ဧရာဝတီတိုင်းမှ ဦးမြင့်အောင်တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက် ၁၀-၁၅နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ 'ကန္တာတောခြေ' (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဝတ်ရည်ရွှန်း၊ ပဲခူးတိုင်းမှ မနှင်းအိလွင်၊ဧရာဝတီတိုင်းမှ မသီရိမြတ်ဆု၊ တနင်္သာရီတိုင်းမှ မအဥ္ဇာမိုး၊ စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုး၊ မန္တလေးတိုင်းမှ မရတနာစု၊ ရန်ကုန်တိုင်းမှ မဖူးငုံကျော်၊ ကချင်ပြည်နယ်မှ မဂျော်ဆိုင်းဇင်၊ ကယားပြည်နယ်မှ မနော်ရွှေရည်ဦးနှင့် မန္တလေးတိုင်းမှ မစုနဒီဝင်းထွန်းတို့ ပြိုင်ပွဲဝင်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယနေ့ကျင်းပသည့် စန္ဒရား အတီးပြိုင်ပွဲများအပြီးတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီးတို့က အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်၊ စန္ဒရား အတီးအကဲဖြတ် အဖွဲ့ခေါင်းဆောင် စန္ဒရားဦးနီနီနှင့် ဗဟိုအကဲဖြတ်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း အကဲဖြတ်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များ၊ ပြိုင်ပွဲသို့ လာရောက်ကြည့်ရှု အားပေးကြသော ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အခြေခံပညာအဆင့်အသက် (၅-၁၀)နှစ်အမျိုးသားဆိုင်းတစ်ဦးချင်း ပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

ထိုသို့ ကျင်းပကြရာ၌ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသားဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် 'ထွေတလာ'(ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်ကိုကိုချစ်၊ မန္တလေးတိုင်းမှ မောင်အောင်ဇော်ပိုင်၊ မကွေးတိုင်းမှ မောင်ရဲရင့်သူ(ခ)ဝေယံဦး၊ ဧရာဝတီတိုင်းမှ မောင်ကိုကိုနိုင်၊ မန္တလေးတိုင်းမှ မောင်သိန်းထွန်း၊ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူ၊ ချင်းပြည်နယ်မှ မောင်ဟိန်းမင်းကိုနှင့် စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား တယောပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပရာ အတီးအဖွဲ့ခေါင်းဆောင် ဦးတင်ငွေနှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြပြီး 'ဒီပါအေးမြ' (ပတ်ပျိုး)သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးဘသက်၊ မန္တလေးတိုင်းမှ ဦးသန့်ဇော်၊ ကချင်ပြည်နယ်မှ ဦးကြည်မောင်၊ ရခိုင်ပြည်နယ်မှ ဦးသန်းထွန်းအောင်၊ ရန်ကုန်တိုင်းမှ ဦးဘခက်၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ရင်နှင့် မန္တလေးတိုင်းမှ ဦးတင်ဝင်းတို့က ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် အမျိုးသမီး တယောပြိုင်ပွဲတွင် 'ကောက်စိုက်မ' (ကာလပေါ်တေး)သီချင်းဖြင့် မန္တလေးတိုင်းမှ မရတနာစွမ်းထက်ကျော်၊ ရန်ကုန်တိုင်းမှ မစပယ်ဖူး၊ ရန်ကုန်တိုင်းမှ မခင်သီရိလွင်၊ ကချင်ပြည်နယ်မှ မအေးလင်းသူ၊ ရှမ်းပြည်နယ်မှ မမြတ်မွန်ကိုကိုတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့်အသက် (၅-၁၀) နှစ် အမျိုးသမီး တယောပြိုင်ပွဲတွင် 'ပန်းရည်ဘဏ်တိုက်'(ကာလပေါ်တေး) သီချင်းဖြင့် မွန်ပြည်နယ်မှ မလရိပ်ဖြာ၊ မန္တလေးတိုင်းမှ မရွှေရည်လင်းတို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အစီအစဉ်များကို နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ အောက်တိုဘာ ၂၀ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲ စတုတ္ထနေ့ယှဉ်ပြိုင် မန္တလေးတိုင်းမှ ပန်တျာဝေယံဦးနှင့်အဖွဲ့ တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၉

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ ဝေဿန္တရာဇာတ်တော်ကြီး ပြိုင်ပွဲကို ယနေ့ည၇နာရီတွင် နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ စတုတ္ထနေ့အဖြစ် ယှဉ်ပြိုင်ကြရာ မန္တလေးတိုင်းကိုယ်စားပြု ပန်တျာဝေယံဦးနှင့် အဖွဲ့ ယှဉ်ပြိုင်တင်ဆက်သည်။

တစ်ခဲနက်အားပေး

အဆိုပါ ဝေဿန္တရာဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်ရာသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်း တပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်သို့ လေ့လာရေးရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသား ယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းမိသားစုများ၊ ပျဉ်းမနားခရိုင် အတွင်းရှိ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာများမှ ဒေသခံပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပြိုင်ပွဲအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သွင်၊ အတွင်းရေးမှူး ဦးတင်ထွန်းဦးနှင့် အကဲဖြတ်အဖွဲ့ဝင်များက အမှတ်ပေး အကဲဖြတ်ကြသည်။

ဖျော်ဖြေတင်ဆက်

အဆိုပါပြိုင်ပွဲ၌ ဝေဿန္တရာမင်းကြီးအဖြစ် ပန်တျာဝေယံဦး၊ မဒ္ဒီဒေဝီအဖြစ် မဇာနည်အောင်၊ ဇူဇကာပုဏ္ဏားအဖြစ် ဦးတိုင်းချစ်၊ ဇာလီအဖြစ် စိုးမင်းအောင်၊ ကဏှာအဖြစ် ဖူးဝေသာ၊ သိဋ္ဌည်းမင်းကြီးအဖြစ် ဦးနန်းဝေ၊ ဖုသတီမိဖုရားအဖြစ် ဒေါ်သာစည်ခိုင်တို့က သရုပ်ဆောင်ကြပြီး ဒါနပါရမီ၊ မေတ္တာပါရမီ၊ ခန္တီပါရမီစသည့် ဘုရားလောင်းတော်တို့ကျင့်ကြံအပ်သောပါရမီ အသွယ်သွယ်တို့ကို မဆုတ်မနစ်သော ဝီရိယ ရှေ့ဆောင်မှုဖြင့် ဖြည့်ဆည်းကျင့်ကြံ အားထုတ်ခဲ့သည့် ဝေဿန္တရာမင်းကြီး၏ မြင့်မြတ်တည်ကြည်သည့် စိတ်ဓာတ်၊ ယနေ့ထက်တိုင် မြန်မာအမျိုးသမီးများအပေါ် ဩဇာလွှမ်းမိုးဆဲဖြစ်သည့် မဒ္ဒီဒေဝီမိဖုရား၏ ပါရမီဖြည့်ဖက်အပေါ် စိတ်ဓာတ်ခံယူချက်နှင့် သစ္စာတရားနက်ရှိုင်းတည်ကြည်မှုတို့ကို အဖွဲ့သူအဖွဲ့သားများက ကျရာအခန်းကဏ္ဍများမှနေ၍ ဇာတ်တော်ကြီး၏ အနှစ်သရုပ်ကို စ၊ လယ်၊ ဆုံး ရှုမငြီးဖွယ် ဖျော်ဖြေတင်ဆက်သွားသည်။

သွားလာရေး

အောက်တိုဘာ၂၀ရက်တွင် မကွေးတိုင်းမှ ကျော်စိုးမင်းနှင့်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်းနှင့် သွားလာရေး လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာက မော်တော်ယာဉ်များဖြင့် စီစဉ်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီး-ပို့စ်မောက်၊ မန်ယူ-လီဗာပူး၊ ရက်ဒင်း-အာဆင်နယ်တို့၏ အကြိတ်အနယ်ရှိမည့် ပရီမီယာလိဂ်ပွဲစဉ်(၉)

သုံးသပ်တင်ပြသူ

မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၁၉

ပရီမီယာလိဂ်ပွဲစဉ်(၉) ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ရက်ညများတွင် ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ရာ အောက်တိုဘာ ၂၁ ရက်ည မြန်မာစံတော်ချိန် ၈နာရီခွဲတွင် ချယ်လ်ဆီးနှင့် ပို့စ်မောက်တို့ အကြိတ်အနယ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ထိုးဖောက်

ဝက်ဖို့ဒ်နှင့်ပွဲတွင် အာဆင်နယ်မှ အလက်ဇန္ဒားလက် (လယ်) က ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

အလားတူ အောက်တိုဘာ ၂၂ ရက်နေ့မြန်မာစံတော်ချိန်ညဖနာရီခွဲတွင် မန်ယူနှင့် လီဗာပူး အသင်းတို့သည် အကြိတ်အနယ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ထို့နေ့ ည ၉နာရီခွဲတွင် ရက်ဒင်းအသင်းနှင့်အာဆင်နယ် အသင်းတို့သည်လည်းရေကုန်ရေခန်းနွှဲကြမည်ဖြစ်၍ ပရိသတ်အကြိုက်တွေ့မည့် ပြိုင်ပွဲများဖြစ်လာမည်ဖြစ်သည်။

ချယ်လ်ဆီး-ပို့စ်မောက်

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သော ပွဲစဉ်(၈)ပြိုင်ပွဲတွင် ရက်ဒင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အကြိတ်အနယ်ကစားခဲ့ပြီး အနိုင်ရခဲ့သော်လည်း ယခု သီတင်းပတ်တွင် ပို့စ်မောက်အသင်းကို အိမ်ကွင်း၌ အနိုင်ကစားလိမ့်မည် ဖြစ်သည်။

ချယ်လ်ဆီးတို့ အိမ်ကွင်းတွင် ဘာစီလိုနာကဲ့သို့ အသင်းကြီးကိုပင် အနိုင်ကစားတတ်၍ ပို့စ်မောက်အသင်းကို ဂိုးပြတ် ကစားမည်မှာ သေချာသည်။

အရေးကြီး

ယခုပွဲသည် ချယ်လ်ဆီးတို့တန်းစီဇယားထိပ်ဆုံးနေရာ တက်လာနိုင်မည့် အခွင့်အလမ်းဖြစ်၍ အလွန်အရေးကြီးသောပြိုင်ပွဲလည်းဖြစ်သည်။ သို့ရာတွင် ပို့စ်မောက်၏ ခြေစွမ်းသည်လည်း ရှစ်ပွဲကစားအပြီး ငါးပွဲအနိုင်ရထားသဖြင့် ချယ်လ်ဆီးတို့သတိထားရမည့် အနေအထားရှိသည်။ သို့သော်လည်း ချယ်လ်ဆီးတို့ အနိုင်ကစားမည်မှာ သေချာသည်။

မန်ယူ-လီဗာပူး

မန်ယူနှင့်လီဗာပူးအသင်းတို့သည် အောက်တိုဘာ ၂၂ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မန်ယူတို့ အိမ်ကွင်း ကစားရမည်ဖြစ်၍ လီဗာပူးထက် အခွင့်အလမ်းသာလိမ့်မည် ဖြစ်သည်။

အားသာချက်

မန်ယူအသင်းအတွက် ယခုပွဲမှာ အလွန် အရေးကြီးသည့် ပြိုင်ပွဲ ဖြစ်သည်။ အိမ်ကွင်း၌ ခြေစွမ်းထက်သော လီဗာပူးကို အနိုင်မကစားနိုင်ခဲ့လျှင် ချယ်လ်ဆီးက တန်းစီဇယားထိပ်ဆုံးနေရာကို လွှဲပြောင်းယူလိမ့်မည် ဖြစ်သည်။ သို့ဖြစ်၍ မန်ယူတို့ကွင်း အားသာချက်နှင့် စုစည်းညီညွတ်သော အသင်းလိုက် တိုက်စစ်အားကို အမှန်

ဝီဂန်နှင့်ပွဲတွင် မန်ယူတိုက်စစ်မှူး ရွန်နေ ဤသို့ ထိုးဖောက်ယှဉ်ပြိုင်ကစားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

တကယ် အသုံးချနိုင်ခဲ့လျှင် လီဗာပူးကို အောင်နိုင်ပေလိမ့်မည်။

ရှာဖွေလာနိုင်

သို့သော်လည်း နိုင်ပွဲနည်းနေသော ဘင်နီတက်ဇ်၏ လီဗာပူးအသင်းသည်လည်း နိုင်ပွဲတစ်ပွဲကို အခက်အခဲကြားမှ ရှာဖွေလာနိုင်သည်။ သို့သော်လည်း ယင်းပြိုင်ပွဲတွင် မန်ယူ အသာရနိုင်သည်။

ရက်ဒင်း-အာဆင်နယ်

ရက်ဒင်းအသင်းသည် ချယ်လ်ဆီးလိုအသင်းကိုပင် ခံစစ်အားဖြင့် ကစားနိုင်သည့် အသင်းကောင်းတစ်သင်းဖြစ်သည်။ အာဆင်နယ်တို့ ရက်ဒင်းအိမ်ကွင်း၌ အခက်အခဲများနှင့် ရင်ဆိုင်ရပေလိမ့်မည်။ ရက်ဒင်းနှင့် အာဆင်နယ်တို့၏ လက်ရှိ အနေအထားမှာ ခြေစွမ်းတူအနေအထားတွင် ရှိနေသည်။ အာဆင်နယ်မှ အခါက ကစားသမားအချို့လည်း ဒဏ်ရာရထားသည်။ အသင်းအောင်နိုင်ရေးအတွက် အခက်အခဲဖြစ်နေပေလိမ့်မည်။ ယင်းတို့နှစ်သင်း၏ ပြိုင်ပွဲအခြေအနေမှာ သရေပွဲဖြစ်ဖွယ် ရှိသည်။ နိုင်မည် ဆိုပါက အာဆင်နယ်တို့ ပွတ်ကာသီကာ အသာရနိုင်သည်။ **(အင်တာနက်)**

ချန်ပီယံလိဂ်အုပ်စုပွဲ၌ ဒရော့ဘာ၏ ဂိုးဖြင့် ချယ်လ်ဆီးက ဘာစီလိုနာကို ရှုံးကြေးဆပ်နိုင်

ရေးသားတင်ပြသူ

မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၁၉

ချန်ပီယံလိဂ် အုပ်စုဘောလုံးပွဲစဉ်များကို အောက်တိုဘာ ၁၈ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးက အိမ်ကွင်း၌ ဘာစီလိုနာအသင်းအား ဒရော့ဘာ၏ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်

ချယ်လ်ဆီးအသင်းမှ ခါလစ်ဘိုလာရုစ်ဇ် (ဝဲ) နှင့် ဘာစီလိုနာ တိုက်စစ်မှူး ရိုနယ်ဒင်ဟိုတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

အနိုင်ရမှု

ဒရော့ဘာက ဒုတိယပိုင်းတွင် ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းပေးလိုက်ခြင်းဖြင့် အုပ်(က)တွင် ချယ်လ်ဆီးတို့ သုံးပွဲဆက်တိုက် အနိုင်ရမှုကို ရရှိစေခဲ့သည်။

ကန်သွင်း

လီဗာပူးအသင်းမှ ဂွန်ဇာလက် (ယာ) က ဘိုဒေါ့ နောက်တန်းကို ထိုးဖောက်လျက် ဤသို့ ကန်သွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးအသင်းတွင် ဂိုးသမား ပီတာဆက်ချ်နှင့် ကာလိုကူဒီစင်နီတို့သည် ဒဏ်ရာများရထားကြ၍ ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။ သို့သော်လည်း တတိယအရန်ဂိုးသမား ဟီလာရီယို ဝင်ဖမ်းခဲ့ရာ အမှားအယွင်းနည်းစွာ ဖမ်းပေးနိုင်ခဲ့သည်။

ဖန်တီးနိုင်

ဒရော့ဘာနှင့် ရှက်ဗ်ချင်ကိုတို့ အတွဲသည် အပေးအယူ အလိမ် အခေါက်များဖြင့် ကစားခဲ့ရာ ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက် ဂိုးသွင်းခွင့်ကိုလည်း ဖန်တီးနိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ မိုက်ကယ်အက်ဆီယံ၏ ထူးချွန်ပြောင်မြောက်သည့် ကစားကွက်များနှင့်အတူ ဘာစီလိုနာအသင်းအား ခြိမ်းခြောက်နိုင်ခဲ့သည်။ သို့သော်လည်း ဒေကိုဖန်တီးပေးသည့် ဘောလုံးကို ဇမ်ဘရော့တာ ကန်သွင်းခဲ့ရာ ကံကောင်းထောက်မစွာဖြင့် ချယ်လ်ဆီးတို့ သက်သာရာ ရသွားသည်။

သွင်းယူခဲ့

ယင်းဂိုးသွင်းခွင့်ရပြီး မကြာမီ ဘာစီလိုနာနောက်တန်းလူ ရာဖေးလ်မာကွတ် ဘောလုံးကို ဖျက်ထုတ်ရန် ကြိုးစားစဉ် ရှက်ဗ်ချင်ကို ဘောလုံးရသွားပြီး ဒရော့ဘာထံထိုးပေးရာ ၎င်းက ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးဂိုးသမား ဟီလာရီယို ပထမပိုင်းအဖွင့်တွင် လီယိုနယ်မက်ဆီနှင့် ရာဗီတိုဒန်ကန်သွင်းချက်များကို ကာကွယ်ပေးနိုင်ခဲ့သည်။

ဦးဆောင်

ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲ ပွဲစဉ်(၃)အပြီး(က)အုပ်စုတွင် ချယ်လ်ဆီးနှင့် ဘာစီလိုနာ၊ အုပ်စု(ခ)တွင် ဘိုင်ယန်မြူးနစ်နှင့် စပို့စ်တင်း၊ အုပ်စု(ဂ)တွင် လီဗာပူးနှင့်အိုင်းဟိုဗင်၊ အုပ်စု(ဃ)တွင် ဗလင်စီယာနှင့် ရိုးမား၊ အုပ်စု(င)တွင် လိုင်ယွန်နှင့် ရီးရဲမက်ဒရစ်၊ အုပ်စု(စ)တွင် မန်ယူနှင့်ဆဲလ်တစ်၊ အုပ်စု(ဆ)တွင် စီအက်စ်ကေကေနှင့် အာဆင်နယ်၊ အုပ်စ(ဇ)တွင် အေစီမီလန်နှင့် လိုင်လီတို့အုပ်စု၌ အသီးသီး ဦးဆောင်လျက်ရှိကြသည်။ ။

အခြားပွဲရလဒ်များ

ဝါဒါဘရီမင်	၂ - ၀	**လက်ဗ်ကီဆိုဖီယာ**
အင်တာမီလန်	၂ - ၁	**စပါးတပ်မော်စကို**
စပို့တင်း	၀ - ၁	**ဘိုင်ယန်မြူးနစ်**
ဘိုဒေါ့	၀ - ၁	**လီဗာပူး**
ဂါလာတာစာရေး	၁ - ၂	**အိုင့်ဟိုဗင်**
အိုလံပီယာကော့စ်	၀ - ၁	**ရိုးမား**
ဗလင်စီယာ	၂ - ၀	**ရှက်တာဒိုးနက်။**

(အင်တာနက်)

အမြန်ပြန်လာပါ

ကျွန်တော်ဦးမောင်အေး(ခ)ကစ္စနား၏ဇနီးဖြစ်သူ ဒေါ်အေးအေးခန့် မှတ်ပုံတင်အမှတ် ၁၂/လမတ(နိုင်)၀၁၁၉၃၉သည် ကျွန်တော်မရှိခိုက် နေအိမ်မှ ရွှေနှင့်ငွေများ ယူဆောင်ပြီး ဆင်းသွားပါသဖြင့် အမြန်ပြန်လာပါရန်နှင့် ဖြားယောင်းသွေးဆောင်ထားသူများကို ဥပဒေအရအရေးယူသွားမည်ဖြစ်ပါသည်။

ဦးမောင်မောင်အေး(ခ)ကစ္စနား ၁၂/ဗဟန(နိုင်)၀၈၈၉၁။

ကွန်ပျူတာမော်နီတာ အပျက်ဝယ်သည်

ပြုပြင်၍မရနိုင်သော ကွန်ပျူတာ(မော်နီတာ)အပျက်များ အိမ်အရောက်ဝယ်ယူလိုပါသည်။

ဆက်သွယ်ရန်–ဖုန်း–၅၂၆၇၉၈။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၆၇၁၄၊ နီဆန်းဆန်နီ ဆလွန်းယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်နွယ်နွယ်စိုး၊ မှတ်ပုံတင်အမှတ် ၈/ခမန(နိုင်)၀၁၁၉၇၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ အရှေ့ပိုင်းခရိုင်ရုံး၊ ရန်ကုန်မြို့။

■ **ကျောဖုံးမှ**

မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ အောက်တိုဘာ ၁၉ရက်မှစ၍ ဖွင့်လှစ်ပြသလျက်ရှိရာ အောက်တိုဘာ ၁၉ ရက်မှ ၂၁ရက်အထိ ပုလဲအတွဲများကို တင်ဒါနှင့် ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း၊ အောက်တိုဘာ ၂၂ရက်တွင် ကျောက်မျက် အတွဲများကို တင်ဒါနှင့် ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း၊ အောက်တိုဘာ ၂၃ရက်မှ ၂၉ရက်အထိ ကျောက်စိမ်းအတွဲများကို တင်ဒါနှင့် ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

တောင်ပင်လယ်ပုလဲ

အဆိုပါ နှစ်လယ်ကျောက်မျက် ရတနာ ပြပွဲနှင့်ပတ်သက်၍ မြန်မာ့အလင်းက မေးမြန်းရာ "ယခုနှစ်လယ် ကျောက်မျက်ရတနာ ပြပွဲမှာ ပုလဲ အတွဲပေါင်း ၂၉၁တွဲ၊လုံးရေအားဖြင့် ၅၉၁၁၇လုံးကို ဈေးပြိုင်စနစ်နှင့်ရော တင်ဒါစနစ်နဲ့ပါ ရောင်းပေးသွားမှာ ဖြစ်ပါတယ်။ တောင်ပင်လယ်လို့ခေါ်တဲ့ ပုလဲတွေဟာ ကမ္ဘာ့တောင်ဘက်ခြမ်းမှာရှိတဲ့ နိုင်ငံလေးနိုင်ငံမှာ ထွက်ပါတယ်။ ဒီနိုင်ငံတွေကတော့ မြန်မာ၊ ဩစတြေးလျ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ပဲဖြစ်ပါတယ်။ ဒီတောင်ပင်လယ်ပုလဲတွေဟာ မြန်မာနိုင်ငံမှာ နှစ်စဉ် တစ်သိန်းမှ လေးသိန်းအထိ မြိတ်ကျွန်းစုမှ ထွက်ရှိနေတာကြောင့် မြန်မာနိုင်ငံမှာ နှစ်စဉ် ပြည်ပပုလဲ ရတနာကုန်သည်တွေ လာရောက်ဝယ်ယူမှုများပြားလာပါတယ်"ဟု မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးခင်ဇော်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ထို့အတူ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးကလည်း "ယခုကျောက်မျက်ပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၄၆၈တွဲကို တင်ဒါစနစ်နှင့် ဈေးပြိုင် စနစ်တို့ဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း၊ မိုးကုတ်ရတနာမြေမှ ထွက်ရှိသော ကျောက်မျက်များသည် ကမ္ဘာ့ဈေးကွက်တွင် လူကြိုက်များနေကြောင်း" ဖြင့်လည်း မြန်မာ့အလင်းသို့ ပြောကြားသည်။

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ ဤသို့ ကြည့်ရှုလေ့လာကြသည်။
ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)

ကျောက်စိမ်း

အဆိုပါ နှစ်လယ်ကျောက်မျက် ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၂၈တွဲကို ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၃၈၀၉တွဲကို တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်လယ်ကျောက်မျက် ရတနာပြပွဲသို့ ဩစတြေးလျ၊ ဩစတြီးယား၊ အိန္ဒိယ၊ အီတလီ၊ ဂျပန်၊ နယူးဇီလန်၊ တရုတ်၊ စင်ကာပူ၊ ထိုင်းနှင့် အမေရိကန်နိုင်ငံတို့မှ ရတနာကုန်သည် ၁၅၀၀ခန့်အား ဖိတ်ကြားထားကြောင်း သိရသည်။

ကြိုတင်စစ်ဆေးကြည့်ရှု

ယခုအခါ အဆိုပါ ရတနာကုန်သည်များသည် တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်ဖြင့် မရောင်းမီ ကြိုတင်စစ်ဆေးကြည့်ရှုမှုများပြုလုပ်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာ့ကျောက်မျက်၊ မြန်မာ့ ကျောက်စိမ်းနှင့် မြန်မာ့ပုလဲ ရတနာတို့သည် ကမ္ဘာတွင် လူကြိုက်များလာ၍ ဝယ်ယူမှုများ တစ်နှစ်ထက်တစ်နှစ် များပြားလာလျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပြည်ပ ရတနာကုန်သည်များ ကျောက်မျက်အတွဲများကို ဤသို့ စစ်ဆေးကြည့်ရှုကြသည်။ ဓာတ်ပုံ–အောင်သန်း (မင်္ဂလာတောင်ညွန့်)

The Live News ဂျာနယ် အမှတ်(၇)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၉

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

တဏှာဒိဋ္ဌိ သတ်ပြီးမှ လှူရသည့်ပွဲ၊ မြင်းမူမောင်နိုင်မိုး၏ ကိုရီးယားရောက် မြန်မာကဗျာနှစ်ပုဒ်၊ စိုးမြင့်ငြိမ်း၏ အယ်လ်ပီဂျီအေတိုး လေးပွဲ ဗိုလ်စွဲနိုင်ခဲ့သော လိုရင်နာအိုချော၊ မိုးကြိုး (ဝါးနွယ်ကုန်း) ၏ ဝါးအိမ်တစ်လုံးလောက် ဆောက်ကြည့်မည်ဆိုလျှင်၊ ရာစုသစ်၏ ကြော်ငြာရေစီးကြောင်းများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း၊ မန္တလေးမှာရှာတဲ့ သီတင်းကျွတ်မိုး၊ တက္ကသိုလ်ဝင်တန်း အောင်ရုံဖြင့် နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာယူနိုင်ပြီ၊ မြေလွှာကိုဖွင့် ပြည့်ဂုဏ်မြှင့်ရန် ရွှေဖက်စပ်တူးချင်သလား၊ ပေ၈၀အမြင့်မှ ပြုတ်ကျသော်လည်း သေကံမရောက် အသက်မပျောက်သူကလေး၊ စပိုင်ချစ်သူ အပိုင်း(၁၅/၁၆) အစရှိသည့် ဆောင်းပါးများ၊ ပြည်တွင်းပြည်ပသတင်းများ၊ လူမှုရေး၊ ကျန်းမာရေးနှင့် သိမှတ်စရာအစုံစုံတို့ကို ရှုခင်းဓာတ်ပုံအစုံစုံဖြင့် တင်ဆက်ထားသည်။

The Live News ဂျာနယ်နှင့် ဆက်သွယ်လိုသူများ၊ အမြို့မြို့အနယ်နယ်မှ သတင်းဆောင်းပါး ပေးပို့လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်းအမှတ် ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် သီတင်းကျွတ်လကွယ်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

၂၀–၁၀–၂၀၀၆ (သောကြာနေ့)

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာရေး အတွက်စားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးယဉ်
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ International News
- ၈:၄၅ ၉။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ရှိသား စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၃၀ ၇။ **"အလှူ့အစား"** ဇင်ပိုင်၊ ရွှေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ–ကျော်ဇောလင်း)
- ၁၇:၄၅ ၈။ နှောင်းခေတ်တေးသေသာ
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၁၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၁၅ ၁၁။ သုတစုံလင်ရွှေသတ်ရှင်
- ၁၈:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်နတ်သမီး"** (အပိုင်း–၁၁)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရွှေသူလေး ပထမချစ်ပုံပြင်"** (အပိုင်း–၁၀)
- ၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

Sony DSLR & 100 Camera ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

Sony Electronics Asia Regional Marketingနှင့် TMW Enterprise Co. Ltd. တို့ ပူးပေါင်း စီစဉ်ပြသသော Sony DSLR& 100 Camera ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားကို အောက်တိုဘာ၁၈ရက် ညနေ၃နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။ ရှေးဦးစွာ TMW Enterprise Co., Ltd. မှ Managing Director ဦးဝေလွင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် Sony Electronics Singapore, Asia Regional Marketing Manager M. Pieter Fong က Sony DSLR & 100 Camera အကြောင်းကိုလည်းကောင်း၊ Master Trainer M. Cascy Toe က Sony DSLR & 100 Camera ၌ပါဝင်သည့် Function များအကြောင်းကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စုံစမ်းနိုင်

ယင်းနောက် ဓာတ်ပုံပညာရှင် ဦးမြင့်ဦးက Song DSLR & 100 Cameraနှင့်ပတ်သက်၍ သုံးသပ်ပြောကြားပြီး တက်ရောက်လေ့လာကြသူများက ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။ Sony DSLR & 100 Camera ကို ဝယ်ယူသုံးစွဲလိုလျှင် အမှတ်၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်ရှိ Sony Show Room ဖုန်း–၀၁–၂၅၀၅၉၆၊ ၀၁–၂၅၀၅၉၇တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ချစ်သမီးလေး

သက်ရတနာကျော်ဝင်း

@ Grace Gloria Wan သို့

မွေးနေ့မင်္ဂလာဆုမွန်ရှာ

(၂၀-၁၀-၂၀၀၆) နေ့တွင် ကျရောက်သည့် ချစ်သမီးလေး သက်ရတနာကျော်ဝင်း၊ (Grace Gloria Wan) ၏(၇)နှစ်ပြည့် မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် "ပညာပြည့်စုံ နှလုံးလှလျက်" မိဘကျေးဇူးအထူးသိတတ်ပြီး လောက ကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် လိမ္မာယဉ်ကျေးသော သမီးကောင်းရတနာလေး အဖြစ်ဖြင့် ပျော်ရွှင် ချမ်းမြေ့သောဘဝကို ဖေဖေ မေမေ တို့နှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ။

ချစ်ဖေဖေ-ဒေါက်တာအောင်ကျော်ဝင်း+ချစ်မေမေ-ဒေါက်တာသက်သက်နိုင်

နိုင်ငံတကာအဆင့်မီ မွေးနန်းတော်စိန်ရွှေရတနာဆိုင်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ဇေယျဝတီလမ်း(ဗဟိုလမ်း)၊အမှတ် ၄၁နေ ဦးအောင်စိုး–ဒေါ်ချစ်ချစ်(အလွန်ခန့် ရတနာအနုပညာလုပ်ငန်း)တို့၏သားကြီး

မောင်အောင်ဟိန်းမင်း B.C.Tech (Hons:)

Lucky Bird Company Limited

နှင့်

ရန်ကုန်မြို့၊(၁၀)မိုင်၊လေဆိပ်ရိပ်သာလမ်း၊လမ်းသွယ်(၂)၊အမှတ် ၆၁၆–F နေ ဦးညိုမောင်(ပါမောက္ခ–ငြိမ်း၊ ရက္ခဗေဒဌာန၊ မအူပင်တက္ကသိုလ်)– ဒေါ်ခင်သန်းဦး(စက်မှုအထည်၊ ငြိမ်း)တို့၏သမီးကြီး

မယဉ်မြတ်မွန်

B.Econ (Eco) , M.Econ (Eco) Part-II

တို့၏ ၁၄–၁၀–၂၀၀၆ရက် (စနေနေ့) I.B.Cတွင်ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကုံးဆင်မြန်းပေးသော ဒေါက်တာဦးဝင်း (ပါမောက္ခချုပ်၊ အရှေ့ပိုင်းတက္ကသိုလ်)နှင့်ဇနီး ဒေါ်မြင့်မြင့်စိန်အားလည်းကောင်း၊ လက်ထပ်လက်စွပ်ဆင်မြန်းပေးသော ဦးထင်အောင်ခိုင်(Managing Director)နှင့်ဇနီး ဒေါ်မေဖြူသွယ်(Director) Lucky Bird Company Limited တို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးကြသော မိတ်ဆွေများအားလည်းကောင်း ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ဟိန်းမင်း–မယဉ်မြတ်မွန်။

စီးပွားရေးလုပ်ငန်းဆောင်ရွက်ကြသည့် ယာဉ်ပိုင်ရှင်များ လုပ်ငန်းလိုင်စင်ပြုလုပ်ရေးနှင့်ပတ်သက်၍ အသိပေးကြေညာချက်

(၁၈–၁၀–၂၀၀၆)

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနတွင် မော်တော်ယာဉ်လုပ်ငန်းလိုင်စင် လာရောက်လုပ်ကိုင်ရာ၌ ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်ပိုင်ရှင်၏အိမ်ထောင်စုဝင် ကိုယ်စားလှယ်ဖြစ်ရမည်ဟု သတ်မှတ်ထားခြင်းမှာ ကြားပွဲစားများက ဌာနကိုခုတုံးလုပ်၍ ငွေကြေးများ မတန်မဆတောင်းခံနေခြင်း၊ ၎င်းတို့၏အကျိုးအတွက် သတင်းအမျိုးမျိုးကိုထုတ်လွှင့်ပြီး မသမာမှုပြုလုပ်နေခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

၂။ ယခုအခါ ယာဉ်ပိုင်ရှင်အချို့အနေဖြင့် ကိုယ်တိုင် သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦး လာရောက်ရန် အခက်အခဲရှိကြောင်းသိရပါသဖြင့် အထက်ပါကဲ့သို့ မလာရောက်နိုင်သောကိစ္စမျိုးတွင် ပွဲစားမဟုတ်သည့် ကိုယ်စားလှယ်တစ်ဦးဦးအား စေလွှတ်နိုင်ပါကြောင်းနှင့် ရုံးအနေဖြင့် စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန။

ဖိတ်ကြားအပ်ပါသည်

[illegible]

ICT PARK

[illegible]

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့နေ ဒေါက်တာဦးကံညွန့်(မေ့ဆေးဆရာဝန်ကြီး၊ ငြိမ်း)–ဒေါ်မြင့်မြင့်စိန်နှင့် အင်းစိန်မြို့၊ အကျဉ်းဦးစီးဌာန၊ အရာရှိရိပ်သာနေ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းထွန်း–ဒေါ်စမ်းစမ်းမြင့်စိန်တို့၏သား

ဗိုလ်ရဲဝဏ္ဏထွန်း M.B.,B.S (D.S.M.A)

နှင့်

မန္တလေးမြို့နေ ဒုရဲမှူးအေးစံ(မန္တလေးတိုင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့တာဝန်ခံ)– ဒေါ်ခင်ဌေးမုန်းတို့၏သမီး

မယဉ်လဲ့ဖြူ(ခ)ပို့ပို့ B.Sc (Phy), G.T.I(M.P)

တို့၏ ၁၀–၁၀–၂၀၀၆ရက်တွင် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက်၌ကျင်းပသော မင်္ဂလာဆွမ်းကျွေး ဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော မန္တလေးမြို့ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး ဒေါ်မိုးသီတာအားလည်းကောင်း၊ ၁၅–၁၀–၂၀၀၆ရက် Royal Garden Restaurant၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များဆင်မြန်းချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်ဇနီး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့်ဇနီး ဒေါ်စန်းစန်းဝေ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်နွယ်နီစမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့်ဇနီး ဒေါ်ခင်ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့်ဇနီး ဒေါ်သန်းသန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်၏ဇနီး ဒေါ်ခင်တော်တော်၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးညွန့်ဝေ၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် စိမ်းမိုမို၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးသော အကျဉ်းဦးစီးဌာနတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ Royal Garden Restaurantမန်နေဂျာနှင့်ဝန်ထမ်းများ၊ ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော အကျဉ်းဦးစီးဌာနအရာရှိ၊ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ရဲဝဏ္ဏထွန်း–မယဉ်လဲ့ဖြူ(ခ)ပို့ပို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊နည်းဥပဒေ ၂၀)

ညောင်ဦးခရိုင်တရားရုံး

၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်–၇

မချိုချို	**နှင့်**	မောင်စိုင်းဆမ်
(တရားလို)		**(တရားပြိုင်)**

တန့်ယန်းမြို့၊ အမှတ်(၆)ရပ်ကွက်နေ (ယခု နေရပ်လိပ်စာမသိ)တရားပြိုင် မောင်စိုင်းဆမ်(ဘ)ဦးဆန်ငို သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁၉–၉–၂၀၀၆ရက်စွဲပါ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုဆိုလွှာမှာ တရားမဝင်သော ကတိစာချုပ်ဖြစ်ကြောင်း ကြေညာပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၆ခုနှစ် နိုဝင်ဘာ ၃ရက် (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က ကြိုတင်သွင်းရမည်။

၂၀၀၆ခုနှစ် အောက်တိုဘာ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးရွှေလုံး၏သားဖြစ်သူ ဦးပီလီ ၁၂/ရကန(နိုင်) ၀၅၃၁၂၆အား ယနေ့မှစ၍ ဦးပီလီ(ခ)ဦးပန်းသိန်းဟု ဖြည့်စွက်ခေါ်ပါရန်။ **ဦးပီလီ(ခ)ဦးပန်းသိန်း။**

ကန့်ကွက်ရန်ကြော်ငြာ

ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာစခန်း၊ တိုက်အမှတ် ၂၀၊ အခန်းအမှတ် ၁၉ သည် ဦးမောင်ကို အမည်ဖြင့် အငှားချထားပေးခဲ့ခြင်းဖြစ်ပြီး ယင်းအခန်းအား သမီးဖြစ်သော ဒေါ်သန်းမြိုင် အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/ဒဂန(နိုင်) ၀၁၉၉၃၀က အိမ်ခန်းဦးစီး အမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ဆက်ခံပိုင်ခွင့်ရှိသူများမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)သို့ ခိုင်လုံသောအထောက်အထားများ ပူးတွဲတင်ပြပြီး ကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဆည်မြောင်းဝန်ထမ်းဟောင်းများ ဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၉

ဆည်မြောင်းဝန်ထမ်းဟောင်းများ၏ ဒသမအကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲကို အောက်တိုဘာ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)တွင် ကျင်းပမည်ဖြစ်သည်။ အသင်းသူ အသင်းသားများသည် အတွင်းရေးမှူး ဦးရှိန်လင်း ဖုန်း–၅၇၈၁၂၈နှင့် နီးစပ်ရာနယ်မြေမှူးများ၊ အမှုဆောင်များနှင့်ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) ဒေါ်အေးမြ (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း–၅၇၈၁၂၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

KMD Computer Centre

Paper Based မှ Computer Based သို့ပြောင်းလဲ [illegible]

LCCI Computerised Accounting (MYOB)

[Duration 60 Hours]

[illegible] Sample Assignment [illegible] LCCI (UK) [illegible] Certificate [illegible]

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ကျက်သရေဆောင် ဗုဒ္ဓမြတ်စွယ်တော်တိုက် တည်ရှိသော ဘုရားကြီးလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် မြေယာရှုခင်းများပြုလုပ်ခြင်း၊ လမ်းလယ်ပန်းများ အသစ်ပြုလုပ်ခြင်းများကို အောက်တိုဘာ ၁၄ရက်က ဆောင်ရွက်ရာအမှုဆောင်အရာရှိ ဦးသန်းဇော်နှင့်အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)ဦးဝင်းနိုင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး တန်ဆောင်မုန်းလဘုရားပွဲ စည်ကားစွာကျင်းပမည်

ပြင်ဦးလွင် အောက်တိုဘာ ၁၅

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး၏ တန်ဆောင်မုန်းလ ဘုရားပွဲတော်ကြီးကို (တန်ဆောင်မုန်းလဆန်း ၁၂ရက်) နိုဝင်ဘာ ၁ရက်မှ (တန်ဆောင်မုန်းလဆန်း ၁၄ရက်) နိုဝင်ဘာ ၃ရက်အထိ မီးပုံးပျံလွှတ်ပြိုင်ပွဲ၊ ညဘက်တွင် စိန်နားပန်းနှင့် ညမီးကြီးပြိုင်ပွဲများပါ ထည့်သွင်းကျင်းပ၍ ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။အသေးစိတ်ကို ဂေါပကရုံး မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး ဖုန်း-၀၈၅-၂၁၅၈၈၊ ဦးကျော်ဌေးကို (စိတ္တသုခ အထူးကုဆေးခန်း) ဖုန်း-၀၈၅-၂၁၁၈၁၊ ၀၉-၂၀၄၄၀၇၅၊ ဦးဝဏ္ဏ(ချယ်ရီအော့ဖ်ဆက်) ဖုန်း-၀၈၅-၂၂၁၉၆၊ ၀၉-၂၀၄၄၁၀၅နှင့် ဦးအောင်ကြည် (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၈၅- ၂၁၃၂၅နှင့် ၀၉- ၂၀၄၄၁၀၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကြခင်းမြို့နယ်အသင်း(ရန်ကုန်)က နှစ်စဉ်ကြီးမှူး၍ ကြခင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်အပါး ၅၅၀တို့အား သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ၇ရက်က ကျင်းပရာ အသင်းသူ အသင်းသားများက ဆရာတော်သံဃာတော်များအား အရှေ့ဆွမ်းလောင်းလှူကြစဉ်။ (က-ပ)

လုပ်ငန်းဆောင်ရွက်

ထားဝယ်မြို့ ဇဟာဘဲစပ်ကုန်းကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ကောလင်း၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

ကောလင်း စက်တင်ဘာ ၂၅

မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကောလင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးသန်းရွှေက မူးယစ်ဆေးဝါးနှင့် လောင်းကစားဥပဒေများကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးဇော်ညွန့်ဦးက မူးယစ်ဆေးဝါးနှင့် လောင်းကစားကြောင့်ရရှိသော ပြစ်ဒဏ်များကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းသိန်းက အရွယ်မရောက်သူများနှင့် ကလေးငယ်များ အဓမ္မပြုကျင့်မှု မခံရရေးကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်စိုးက မူးယစ်သုံးစွဲမှု အန္တရာယ်များကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်ကျော်က ဆေးလိပ်နှင့် ဆေးရွက်ကြီးဥပဒေကိုလည်းကောင်း ဟောပြောကြသည်။ (၀၂၆)

ဂုဏ်ထူးရကျောင်းသားနှင့် အောင်ချက်အကောင်းဆုံးကျောင်းများဆုချီးမြှင့်

သထုံ အောက်တိုဘာ ၃

သထုံခရိုင်အတွင်း ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ရက် နံနက် ၁၀နာရီက သထုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လှမဥ္ဇူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးကျော်အောင်က သထုံခရိုင်တွင် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်မှုအခြေအနေနှင့် ဂုဏ်ထူးရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးက အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများအားလည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်က အောင်ချက်အကောင်းဆုံးဆုရ ပေါင်မြို့နယ်အားလည်းကောင်း**(အပေါ်ပုံ)**၊ ပညာသင်ကြားမှုထူးချွန်ဆုရ သထုံမြို့နယ်အမှတ်(၂)အခြေခံပညာအထက်ကျောင်းမှ သင်္ချာဘာသာပြ ဆရာမဒေါ်မြင့်မြင့်နွယ်အားလည်းကောင်း၊ သထုံခရိုင်ဥက္ကဋ္ဌ၏ဇနီးဒေါ်တင်သိန်းမြင့်က ငါးဘာသာဂုဏ်ထူးရ ကျောင်းသားမောင်စိုးမိုးနိုင်အားလည်းကောင်း၊ ကျန်ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောင်းကုန်းမြို့နယ်၌ နှမ်းစပါးအောင်ရေရရှိရေး ညှိနှိုင်း ပိုးမွှားများကြိုတင်ကာကွယ်ရေး သိကောင်းစရာရှင်းလင်း

ကျောင်းကုန်း အောက်တိုဘာ ၁၅

နှမ်းစပါးအောင်ရေရရှိရေးအတွက် တောင်သူဦးကြီးများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ရှမ်းရွာကျေးရွာအုပ်စု ကုန်းရှမ်းရွာကျေးရွာတွင် ကျင်းပသည်။

လုံလောက်စွာ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ကျေးလက်ဒေသများတွင် နှမ်းစပါးစိုက်ပျိုးရန် အောင်ရေပြည့်မီ လုံလောက်စွာ ရရှိစေရေးနှင့် လက်ရှိရေနုတ်မြောင်းဟောင်းနှင့် မြောင်းသစ်များ တူး၍ စိုက်ဧကပြည့်မီစွာ စိုက်ပျိုးကြရန်နှင့် ကျေးလက်ဒေသ မီးလင်းရေး၊ ဆောင်းသီးနှံစိုက်ပျိုးရေး၊ ကြက်ဆူပင်၊ ဇရုတ်ကောင်းစိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် စနစ်တကျ တည်ဆောက်ထားရှိ တိုးတက်စေရေး၊ သန့်ရှင်းသာယာလှပစေရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကြည်သိန်းက နှမ်းစပါး၊ ဆောင်းသီးနှံစိုက်ပျိုးရေးနှင့် ကျရောက်တတ်သည့် ပိုးမွှားများ ကြိုတင်ကာကွယ်ရေး သိကောင်းစရာများကို ပညာပေး ရှင်းလင်းသည်။

တူးဖော်မည်

အဆိုပါကုန်းရှမ်းရွာကျေးရွာတွင် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ မူလတူးမြောင်းအလျားပေ ၈၀၀၀၊ အကျယ် ၁၂ပေ၊ အနက် ၉ပေဖြင့် နှမ်းစပါးဧက ၂၃၀ စိုက်ပျိုးနိုင်ခဲ့ရာမှ နှမ်းစပါးထပ်မံတိုးချဲ့စိုက်ပျိုးရန် ဆည်မြောင်းဌာနက အလျားပေ ၆၀၀၀၊ အကျယ်ပေ ၂၀၊ အနက် ၉ ပေ တူးဖော်မည်ဖြစ်ကြောင်းသိရသည်။ (၂၆၅)

ပန်းခြံသာယာလှပရေး

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပွင့်မာလာပန်းခြံ အုတ်ခြံစည်းရိုးများ ပြုပြင်မွမ်းမံ ဆေးသုတ်ခြင်းနှင့် ပန်းခြံသာယာလှပရေး လုပ်ငန်းများကို အောက်တိုဘာ ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဝန်ထမ်းအိမ်ရာ

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာဆောက်လုပ်မှုကို စက်တင်ဘာ၂၀ရက်က အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်

လယ်ဝေး စက်တင်ဘာ ၂၅

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ဇလောကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးသိန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးကျော်ဆန်းဦးက သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ (၃၃၃)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား လားရှိုး၌ကျင်းပ

လားရှိုး အောက်တိုဘာ ၇

(၄၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၉နာရီက လားရှိုးမြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဇနီး ဒေါ်ချယ်ရီ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်နှင့် ဇနီး၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုရဲမေများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် အောင်သန်းထွဋ်က အမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အခမ်းအနားဒုတိယပိုင်းစတင်ရာ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကံလှိုင်က (၄၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး စံပြရဲစခန်းဆု၊ မှုခင်းဖော်ထုတ်မှုဆု၊ အမှုများစွဲတင်ရာနှုန်းပြည့်ဝမှုဆု၊ ရဲစည်းကမ်းကောင်းမွန်မှုဆုများနှင့် အမှုထမ်းကောင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ **(ပြည်နယ်ရဲတပ်ဖွဲ့)**

ဗုဒ္ဓဒေသနာသင်တန်း ဓမ္မဒါနပို့ချမည်

ရန်ကုန် အောက်တိုဘာ ၁၉

ဆရာကြီးဦးဌေးအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာန၏ စနစ်သစ်လေ့လာနည်းဖြင့် သင်ကြားသော (၂၄)ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်းကို ရှင်သာမဏေဗိမာန် အာဇာနည်လမ်း အလယ်ပစ္စယာ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၌ အောက်တိုဘာ ၂၁ ရက်မှစ၍ နိုဝင်ဘာ၁၀ရက်အထိနေ့စဉ် နံနက် ၇နာရီခွဲမှ နံနက်၈နာရီခွဲအထိ ဓမ္မဒါန သင်ကြားပို့ချမည်ဖြစ်သည်။ ဗုဒ္ဓနည်း နာမ် ရုပ်လေ့ကျင့်ရေးအလုပ်စခန်းကို နိုဝင်ဘာ ၁၂ ရက်မှ ၂၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၄ နာရီအထိလေ့ကျင့်ပွားများမည်ဖြစ်ရာ တက်ရောက်နာကြားပွားများအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ကျောက်မြောင်း တာမွေမြို့နယ် သုခလမ်း အမှတ်(၅၁)နေ မိခင်ဒေါ်မြသိန်း၏ အသက်(၈၀)ပြည့် မွေးနေ့အထိမ်းအမှတ်ဖြစ် သားသမီးများက အလှူငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဘုံကထိန်ပွဲ ကျင်းပမည်

ဖျာပုံ အောက်တိုဘာ ၅

ဖျာပုံမြို့ ကနိကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများ စုပေါင်း၍ လှူဒါန်းသော ဘုံကထိန်ပွဲကို အောက်တိုဘာ ၂၄ ရက်နှင့်၂၅ရက်တို့တွင် ဖျာပုံမြို့ ကနိကျေးရွာ အောင်မြေချမ်းသာရ ကျောင်းတိုက် မဟာဘုံစံကျောင်းတွင် ကျင်းပမည်ဖြစ်၍ အလှူရှင်များ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး၊ မြေစိုက်ပိုစတာစိုက်ထူ

ရန်ကုန် အောက်တိုဘာ ၁၉

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်နှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) မြေစိုက် ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

ထန်းတပင်အထက မြတ်ဆရာ ပူဇော်ပွဲ

ထန်းတပင် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း ထန်းတပင်မြို့ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ (၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယခုနှစ် ဒီဇင်ဘာ ၃ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် လှိုင်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ယခုနှစ်ကုန်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာ၊ ဆရာမများအားလုံး ပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများ အနေဖြင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီ ဦးတင်ဝင်း၊ ဦးသန်းမြင့် ဖုန်း-၂၄၇၂၃၀၊ ဦးအောင်မြင့်၊ ဦးကျော်ဝင်းနှင့် ဦးစိုးဝင်းတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

စုပေါင်းသန့်ရှင်း

မောင်တောမြို့ သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေး အစီအစဉ်အရ စက်တင်ဘာ ၂၃ ရက်က မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးလှဖော်ဇံက စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပေါင်မြို့၌ စာပေညီလာခံအတွေ့အကြုံ ရှင်းလင်း

ပေါင် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်စာပေညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီက ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အမှုဆောင် ဦးမောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံများကို စာပေညီလာခံကိုယ်စားလှယ် ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝေ (မောင်စိမ်းညို-ပေါင်)က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပွဲအပြီးတွင် မြို့နယ် ကဗျာစာအုပ် ထုတ်ဝေရေးကိစ္စများ ညှိနှိုင်းဆွေးနွေးကြသည်။ ပေါင်မြို့နယ် ကဗျာစာအုပ်အတွက် ကဗျာစာမူများကို ကဗျာဝါသနာရှင်များအနေဖြင့် နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ လိပ်မူပေးပို့နိုင်ကြောင်း သိရသည်။ **(၂၆၀)**

မြန်မာ့အသံ နားဆင်စရာ

(၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်)
၂၁-၁၀-၂၀၀၆
(စနေနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

- ၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
  - (၁) အလှကမ္ဘာလေးဆိုတာ (သန်းဝင်းအောင် - သိဂီ)
  - (၂) ချစ်လိုက်ရတာ အချစ်ဦးရယ် (ဇော်မင်းလေး-တင်မိုးခိုင်)
  - (၃) အချစ်လောကလေးထဲမှာ (ကိုလေးအောင်-ချိုပြုံး)
- ၀၉:၄၅ အာဆီယံအစီအစဉ်
- ၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဟောပြောချက်)
- ၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
  - (၁) အတ္တပရမ္မျှတစေ (ခေါင်းကြီးပိုင်း)
  - (၂) အတ္တ (ဆောင်းပါးသရုပ်ဖော်)
- ၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၂:၁၀ နေ့စဉ်သုံးအီဒီယမ် (ဦးသိန်းလွင်)
- ၁၃:၁၀ ပညာရေးအစီအစဉ် (မူလတန်းအထက်ဆင့်-မြန်မာစာ) (မူလတန်းဆင့်ပုံပြင် သင်ကြားခြင်း)

ညနေပိုင်း

- ၁၆:၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ဆုံးသက်တိုင် (နေဖြူစိုးသိန်း)
  - (၂) ဖွင့်မပြောရဲသူမို့ (မဥ္ဇူမြင့်)
  - (၃) ဟိုကောင်မလေးညိုတိုတို (မောင်မောင်ညွှန့်)
- ၁၇:၀၀ ခေတ်ဟောင်းတေး
  - (၁) မိဘမေတ္တာ (မကြည်အောင်)
  - (၂) စွဲမက်တဲ့အာရုံ (ဥသြဘသောင်)
  - (၃) နန်းကေသီ (ပြည်လှဖေ-မေရှင်)
- ၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (နှပျိုသူများ၏ လျှို့ဝှက်ချက်) (မောင်မောင်ထွန်းအောင်)
- ၁၈:၄၅ လှပသာယာ အိမ်ဂေဟာ
- ၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (လသာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် မုန်းခိုင်းတိုင်းမမုန်းနိုင်ဘူး တေးစီးရီး)
- ၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့) -ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) မောင်းမကန်ကေသီဦး (ကိုမင်းနောင်)
  - (၂) တူနှစ်ကိုယ် (ရွှေယမင်းဦး)
  - (၃) မေတ္တာစစ်ဆိုသည်များရယ် (မျိုးမြင့်လေး)

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး(၂) ဦးဘိုလင်းဦးဆောင်သောအဖွဲ့ အောက်တိုဘာ ၂ရက်က မြို့တွင်း စားသောက်ဖွယ်ရာ ရောင်းချသော ဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး ကျန်းမာရေးနှင့် အညီလိုက်နာဆောင်ရွက်ရန် ပညာပေးရှင်းလင်းစဉ်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
ထုတ်လုပ်ရေးကျွမ်းကျင်(၄) ရာထူးဝန်ထမ်းနေရာများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း လက်အောက်ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင် လစ်လပ်လျက်ရှိသော ထုတ်လုပ်ရေးကျွမ်းကျင်(၄)လစာနှုန်း (၂၇၀၀၀–၁၀၀၀–၃၂၀၀၀)ရာထူး နေရာများအတွက် အောက်ပါဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်–

(က) B.Sc(Chem;) (ကျား/မ) ၄၀ဦး
(ခ) B.Sc(Any Science) (ကျား/မ) ၂၅ဦး

၂။ အဆိုပါရာထူးနေရာများအတွက် အရည်အချင်းသတ်မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းရမည့်အပြင် (၃၁–၁၂–၂၀၀၆)ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ဝန်ထမ်းအဖြစ်ခန့်ထားခြင်းခံရပါက စာချုပ်ချုပ်ဆိုရမည်။

၃။ လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ(၁၅–၁၁–၂၀၀၆)ရက်နေ့ ၁၄း၀၀ နာရီနောက်ဆုံးထား၍ စက်ရုံမှူး၊ မြန်မာနိုင်ငံဆေးဝါး လုပ်ငန်းစက်ရုံသို့ လိပ်မူ၍ ပူးတွဲလျှောက်ထားရမည်–

(က) ကိုယ်ရေးအကျဉ်း
(ခ) ဘွဲ့ရလက်မှတ်(မိတ္တူ)
(ဂ) နိုင်ငံသားမှတ်ပုံတင်(မိတ္တူ)
(ဃ) အလုပ်သမားမှတ်ပုံတင်(မိတ္တူ)
(င) အိမ်ထောင်စုစာရင်း(မိတ္တူ)
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်
(ဆ) ပတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံ
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်

၄။ အလုပ်ခန့်ထားပြီး(၆)လအတွင်း ရာထူးတိုးမြှင့်ရန် အလုပ်ကြိုးစားမှုအပေါ် မူတည်ပြီး စဉ်းစားပေးမည်။

၅။ အသေးစိတ် သိလိုပါက မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ဖုန်း–၆၆၃၄၉၇နှင့်၆၆၃၄၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
အလုပ်ရုံစိတ်မှူး ဝန်ထမ်းနေရာများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း လက်အောက်ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင် လစ်လပ်လျက်ရှိသော အလုပ်ရုံစိတ်မှူးလစာနှုန်း (၃၉၀၀၀–၁၀၀၀–၄၄၀၀၀)ရာထူးနေရာများအတွက် အောက်ပါဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်–

(က) B.Pharm (ကျား/မ) ၉ ဦး
(ခ) M.Sc(Chem:) (ကျား/မ) ၅ ဦး
(ဂ) M.Sc(Bot/Zoo) (ကျား/မ) ၂ ဦး
(ဃ) B.Sc Hons: (Chem:)/B.Sc(I.C)(ကျား/မ) ၈ ဦး

၂။ အဆိုပါ ရာထူးနေရာများအတွက် အရည်အချင်းသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းရမည့်အပြင် (၃၁–၁၂–၂၀၀၆) ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ဝန်ထမ်းအဖြစ်ခန့်ထားခြင်းခံရပါက စာချုပ်ချုပ်ဆိုရမည်။

၃။ လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ(၁၅–၁၁–၂၀၀၆)ရက်နေ့၁၄း၀၀ နာရီနောက်ဆုံးထား၍ စက်ရုံမှူး၊ မြန်မာနိုင်ငံဆေးဝါး လုပ်ငန်းစက်ရုံသို့ လိပ်မူ၍ ပူးတွဲလျှောက်ထားရမည်–

(က) ကိုယ်ရေးအကျဉ်း
(ခ) ဘွဲ့ရလက်မှတ်(မိတ္တူ)
(ဂ) နိုင်ငံသားမှတ်ပုံတင်(မိတ္တူ)
(ဃ) အလုပ်သမားမှတ်ပုံတင်(မိတ္တူ)
(င) အိမ်ထောင်စုစာရင်း(မိတ္တူ)
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်
(ဆ) ပတ်စပို့အရွယ်ဓာတ်ပုံ (၃) ပုံ
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်

၄။ အလုပ်ခန့်ထားပြီး(၆)လအတွင်း ရာထူးတိုးမြှင့်ရန် အလုပ်ကြိုးစားမှုအပေါ် မူတည်ပြီး စဉ်းစားပေးမည်။

၅။ အသေးစိတ် သိလိုပါက မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ၊ ဖုန်း–၆၆၃၄၉၇နှင့် ၆၆၃၄၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော
စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ
စာလျှောက်မေးပွဲ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၈၉)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို ၁၃၆၈ခုနှစ် နတ်တော်လဆန်း ၁၃ ရက်မှ နတ်တော်လပြည့်ကျော်၄ရက် (၂–၁၂–၂၀၀၆) စနေနေ့မှ (၈–၁၂–၂၀၀၆)သောကြာနေ့အထိ ကျင်းပသွားမည်ဖြစ်ပါ၍ ဝင်ရောက်ဖြေဆိုမည့် ရဟန်းတော်များသည် စာလျှောက်မေးပွဲဝင်ခွင့် ပုံစံများကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံးတွင် ထုတ်ယူပြီး ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့(၄–၁၁–၂၀၀၆)စနေနေ့ နောက်ဆုံးထား၍ ပေးပို့ကြပါရန် လျှောက်ထားအပ်ပါသည် အရှင်သူမြတ်တို့ဘုရား။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့။

မိဘအမည်မှန်

လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (D)မှ မောင်သန်းစိုး၏ မိဘများမှာ ဦးကြည်ဝင်း ၁၃/လရန(နိုင်) ၀၃၁၁၈၄နှင့် ဒေါ်ခင်သန်း(ခ)ဒေါ်ကျင်ရှမ်း LSO–၀၂၆၁၀၀တို့ ဖြစ်ပါကြောင်း။ **ဦးကြည်ဝင်း–ဒေါ်ကျင်ရှမ်း။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၅၇၀ YIXAING 110ယာဉ် လက်ဝယ်ရှိသူအမည် ဒေါ်မိမိကျော် မှတ်ပုံတင်အမှတ် ၉/အမဇ (နိုင်)၀၀၁၁၀၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

မန္တလေးမြို့။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ အရောင်းဝန်ထမ်းအမျိုးသမီး (၅) ဦး
– အခြေခံပညာအထက်တန်းအောင်
– ရုပ်ရည်သန့်ပြန့်၍ စကားပြောသွက်လက်ရမည်။

၂။ ယာဉ်မောင်း (၁) ဦး
–လိုင်စင်သက်တမ်းအနည်းဆုံး ငါးနှစ်ရှိရမည်။

လျှောက်ထားသူများသည် လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဦးအောင်ကျော်ဦး
မြန်မာ့လက်မှုငွေထည်ဆိုင်
အမှတ် ၄၅၀၊ သိမ်ဖြူလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၅၆၄၇ Mitsubishi Fuso Van (၄x၂)ယာဉ် လက်ဝယ်ရှိသူအမည် အဖိုးတန်စံချိန်မီ အထွေထွေရောင်းဝယ်ရေးကုမ္ပဏီက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး၊(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (°Sealed°°Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

ချိပ်ပိတ်တင်ဒါအမှတ်–၁၄/မမ/ပတ/သွပ်ပြား(CE) 2006-2007

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	သွပ်ပြား ၇'x၃'x၉ လိုင်းx၃၀ ဂိတ်	၅၀၀၀ ချပ်
2.	ပြောင်သွပ် ၈'x၃'x၃၀ ဂိတ်	၁၅၀၀ ချပ်

ချိပ်ပိတ်တင်ဒါပိတ်ရက်အချိန်– ၂–၁၁–၂၀၀၆ (ကြာသပတေးနေ့) ၁၂း၀၀ နာရီ။

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၉–၁၀–၂၀၀၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ ထောက်ပံ့ဌာန မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ (၂၀၁၅၅ –လိုင်းခွဲ–၆၀၁၊ ၆၁၃)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ Passport No.530580နှင့် အရေးကြီး စာရွက်စာတမ်းများပျောက်သွားပါသဖြင့်တွေ့ရှိပါက ပြန်လည် ပေးပို့ပါရန်။ **ဖုန်း–၆၆၁၉၄၅။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ထွန်းကျော်သူ(ခ)ထွန်းထွန်း ၁၂/တမန(နိုင်)၀၀၇၃၄၃သည် မိခင်နှင့် အိမ်ရှိ မိသားစုအား စိတ်ဆင်းရဲအောင်နှင့် ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

မိခင်–ဒေါ်ခင်လင်းကြည်
၁၂/တမန(နိုင်)၀၀၇၁၃၁။

ကိုအေးဟန် (ခ)အောင်သူနှင့် သက်ဆိုင်သူများသိစေရန်

မန္တလေးတိုင်း တောင်သာမြို့ ပန်းပေါင်းကျေးရွာနေ ဦးဘိုကြည်၏သား မောင်အေးဟန်(ခ)အောင်သူ (MDN-၀၅၃၅၄၉)သည် အိမ်ထောင်ရေး ဖောက်ပြန်မှုကို အကြိမ်ကြိမ်ကျူးလွန်နေပါသဖြင့် ကျွန်မနှင့်လုံးဝ မသက်ဆိုင်တော့ပါကြောင်း၊ ကျွန်မနှင့်သမီးငယ်တို့အား ဆက်သွယ်နှောင့်ယှက်ခဲ့ပါက တည်ဆဲဥပဒေများအရ တိုင်ကြားအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

မမာလာမြင့် ၁၂/တမန (နိုင်) ၀၆၀၄၉၉။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၃–၁၀–၂၀၀၆ (တနင်္လာနေ့)
- ❑ Fruit Types, Dispersal and Structure of Seeds
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ
- ❑ Germination
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ
- ❑ Genetics
  - တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ

၂၄–၁၀–၂၀၀၆ (အင်္ဂါနေ့)
- ❑ Plant Geography Part(I)
  - ဒုတိယနှစ် ရုက္ခဗေဒ (အဓိက)
- ❑ Some importance of Medicinal Plants in Myanmar
  - ကျောင်းသား ၊ကျောင်းသူများ၊ လုပ်သားပြည်သူများ

၂၅–၁၀–၂၀၀၆ (ဗုဒ္ဓဟူးနေ့)
- ❑ Genetics and Agriculture
  - ကျောင်းသား၊ ကျောင်းသူများ လုပ်သားပြည်သူများ
- ❑ Numerical Methods for Initial Value problems
  - မဟာသိပ္ပံ ဒုတိယနှစ်

၂၆–၁၀–၂၀၀၆ (ကြာသပတေးနေ့)
- ❑ Hilbert Spaces and Banach Spaces
  - မဟာသိပ္ပံ ပထမနှစ်
- ❑ ပရိတ်တော်အကြောင်း သိကောင်းစရာ
  - ပညာပေး

၂၇–၁၀–၂၀၀၆ (သောကြာနေ့)
- ❑ The Philosophy of Filial Picty in Bama Buddhist Family
  - ဒဿနိကဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Culture of Badalim Cave
  - ရှေးဟောင်းသုတေသန အထူးပြုနှင့် မြန်မာမှုပညာအထူးပြုဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းသားများအားလုံး

၂၈–၁၀–၂၀၀၆ (စနေနေ့)
- ❑ Double Entry and Book-Keeping
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Historical Background of Myanmar Economy
  - ပထမနှစ် ပြည်သူ့ရေးရာ
- ❑ Frequency Distribution Table
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား
- ❑ The Preparation of Accounts From Single Entry or Incomplete Records
  - ပထမနှစ် စီးပွားရေးပညာအထူးပြု
- ❑ Legal Form of Organization
  - ပထမနှစ် အိမ်တွင်းစီးပွား
- ❑ Privatization & FDI in Myanmar
  - ပထမနှစ် ပြည်သူ့ရေးရာ
- ❑ Theory of Probability
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား
- ❑ Developing on Business Plan
  - ပထမနှစ် အိမ်တွင်းစီးပွား
- ❑ Public Finance
  - ပထမနှစ် အိမ်တွင်းစီးပွား၊ ဥပဒေပညာအထူးပြု
- ❑ Mareting
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊
- ❑ Vital Statistics
  - ပထမနှစ် ပြည်သူ့ရေးရာ

၂၉–၁၀–၂၀၀၆ (တနင်္ဂနွေနေ့)
- ❑ Income & Expenditure A/C
  - ဒုတိယနှစ် စီးပွားစီမံ
- ❑ Consignment Account
  - ဒုတိယနှစ် စီးပွားစီမံ
- ❑ An Introduction to the Final Accounts of Limited Liability Companies (Financil Accounting)
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Partial Derivatives
  - ဒုတိယနှစ် သင်္ချာ၊ စီးပွားရေးပညာအထူးပြု
- ❑ Partial Fractions
  - ဒုတိယနှစ် စီးပွားရေးပညာအထူးပြု
- ❑ The Nature and Scope of International Economics
  - တတိယနှစ် စီးပွားရေးပညာအထူးပြု
- ❑ Aggregate Supply & Aggregate Demand
  - တတိယနှစ် စီးပွားရေးပညာအထူးပြု
- ❑ Analysis of Financial Statements
  - တတိယနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ The Meaning and Measurement of Economic Development
  - တတိယနှစ် စီးပွားပညာအထူးပြု
- ❑ Matketing Defnitions and Marketing concepts
  - တတိယနှစ် စီးပွားပညာအထူးပြု
- ❑ Simple Random Sampling
  - တတိယနှစ် စီးပွားပညာအထူးပြု

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ကညင်ပြိုင်ကျေးရွာတွင် စိမ့်စမ်းရေသွယ်၍ သန့်ရှင်းသောသောက်သုံးရေရရှိမှုကို စက်တင်ဘာ၃၀ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးယဉ်မင်းကျော်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများ ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေ၊ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇော်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လု(ခေါ်)ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်)ဦးထေးရယ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမနေ့ အစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ

အနုပညာချစ်မြတ်နိုးကြသောပြည်သူများ တစ်ခဲနက် ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတစ်နိုင်ငံအခွန့်ရှည် တည်တံ့ခိုင်မြဲစေရန် လွတ်လပ်မှု၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှု ဂုဏ်ရည်တို့ကို နိုင်ငံသူ နိုင်ငံသားတိုင်း အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ မိမိလူမျိုး၊ မိမိအမျိုးအနွယ် ရှင်သန်တည်မြဲရေးအတွက် မျိုးရိုးအစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ အမျိုးသားယဉ်ကျေးမှု အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်သွားစေရန် ထာဝရကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်ရာ နိုင်ငံသူနိုင်ငံသားတိုင်း အမျိုးသားရေးစွမ်းအားများ အစဉ်သက်ဝင် နိုးကြားစေရန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ ပဉ္စမနေ့ပြိုင်ပွဲ အစီအစဉ်များကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲ

အခြေခံပညာအဆင့် (၅-၁၀)နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲတွင် မကွေးတိုင်းမှ မောင်ရဲရင့်သူ (ခ) ဝေယံဦး ဤသို့ ယှဉ်ပြိုင်ခဲ့သည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မြန်မာ့ကျောက်မျက်နှင့်ကျောက်စိမ်း ကမ္ဘာ့ဈေးကွက်၌ လူကြိုက်များ

အရည်အသွေးကောင်းပုလဲများ အပြိုင်အဆိုင်ဝယ်ယူ

သတင်း၊မြင်ကွင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာ့ကျောက်မျက်နှင့် ကျောက်စိမ်းများသည် အရည်အသွေးကောင်းမွန်မှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် လူကြိုက်များလျက်ရှိသည်။

ပိုမိုလာရောက်ဝယ်ယူ

ထို့အပြင် ကမ္ဘာ့တောင်ခြမ်း၌သာ ထွက်ရှိသည့် တောင်ပင်လယ်ပုလဲအတွဲများသည်လည်း မြန်မာနိုင်ငံ၌ ထွက်ရှိလျက်ရှိ၍ ကမ္ဘာ့ရတနာကုန်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမို လာရောက်ဝယ်ယူလျက်ရှိသည်။

၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကမ္ဘာအေးဘုရားလမ်းရှိ

စာမျက်နှာ ၁၃ ကော်လံ ၁ ■



ပုလဲလုံးရေ ၃၉၅ လုံးပါသည့် တန်ဖိုးအများဆုံး ပုလဲအတွဲကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)